# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၂)၊ အမှတ်(၆၃)


နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နိုဝင်ဘာ ၃၀ရက်က ရခိုင်ပြည်နယ် ကျောက်တော်မြို့ မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေသင်္ကန်းတော် ဆက်ကပ်လှူဒါန်းပူဇော်စဉ်။ (သတင်းစဉ်)

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုနိုင်ငံ နှစ်ပတ်လည်နေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဒီဇင်ဘာ ၂

၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂ရက်၌ ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ တည်ထောင်သည့် (၂၉)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရခိုင်ပြည်နယ် ကျောက်တော်မြို့ မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေသင်္ကန်းတော်ဆက်ကပ်လှူဒါန်းပူဇော်

ရန်ကုန် ဒီဇင်ဘာ ၁

**ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင် လိုက်ပါလျက် နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀နာရီခွဲတွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် ရခိုင်ပြည်နယ် ကျောက်တော်မြို့သို့ ရောက်ရှိကြရာ ကျောက်တော်တပ်နယ်မှ ဗိုလ်မှူးကြီးဝင်းဆွေ၊ ကျောက်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးထူးကျော်နှင့်အဖွဲ့ဝင်များ၊ ရခိုင်ရိုးရာစည်တော်အဖွဲ့နှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များက ကြိုဆိုကြသည်။**

### ဒေသခံပြည်သူများကြိုဆို

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကျောက်တော်မြို့ မဟာမုနိဘုရားကြီးသို့ ရောက်ရှိကြရာ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာ မင်္ဂလာစည်တော်အဖွဲ့နှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✡

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

## အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

# ဒေသအားလုံးတစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်စေရေး သဘာဝသယံဇာတများကို တီထွင်ကြံဆ အသုံးချ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး၊ တိုင်းရင်းသားပြည်သူအားလုံး ဆူကြုံနိမ့်မြင့်ကွာဟချက်များ လျော့နည်းစေရန်အတွက် မျှမျှတတ အစွမ်းကုန်ဖွံ့ဖြိုးတိုးတက်စေရမည်ဆိုသည့် ခံယူချက်ဖြင့် ကြိုးစားအားထုတ် လုပ်ဆောင်လျက် ရှိသည်။

ယင်းသို့ အားထုတ်လုပ်ဆောင်ရာတွင် နိုင်ငံတော်ရှိဒေသအားလုံးသည် ယေဘုယျအားဖြင့် အခြေခံအချက်များ တူညီမှုရှိကြသော်လည်း ဝိသေသအားဖြင့် ဒေသတစ်ခုနှင့်တစ်ခု မတူညီသည့် ထူးခြားသော အခြေအနေများအပေါ်မူတည်၍ ဆီလျော်လိုက်ဖက်သည့် ဖွံ့ဖြိုးတိုးတက်ရေးအခြေခံများကို ဒေသအလိုက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်နယ်နှင့်တိုင်းများတစ်ခုချင်းအလိုက် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသများသို့ ကိုယ်တိုင်သွားရောက် ကြည့်ရှုစစ်ဆေးလမ်းညွှန်မှုကြား စီမံဖြည့်ဆည်းပေးလျက်ရှိရာ ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း နိုဝင်ဘာလ ၂၉ ရက်နေ့ စစ်တွေတပ်နယ် အစည်းအဝေးခန်းမသို့ ရောက်ရှိစဉ် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ခံများနှင့် တွေ့ဆုံလမ်းညွှန်မှာကြားရာ၌–

**“ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြုံနိမ့်မြင့်ကွာဟချက်များ လျော့နည်းကျဆင်းပြီး ဒေသအားလုံး တတ်နိုင်သမျှ မျှမျှတတ တစ်ပြိုင်တည်းဖွံ့ဖြိုးလာစေရန်မှာ နယ်မြေအလိုက် ဖြစ်ပေါ်တည်ရှိနေသော ထူးခြားသည့် သဘာဝအခြေခံများကို မှန်မှန်ကန်ကန်ဖော်ထုတ်၍ အသုံးချနိုင်ရန်လိုအပ်ကြောင်း၊ တစ်နည်းအားဖြင့် ရေမြေသဘာဝသယံဇာတများ၏ အခွင့်အလမ်းပေးမှုများကို လူ့လုပ်အားဖြင့် မှန်မှန်ကန်ကန် ထိထိရောက်ရောက် ပေါင်းစပ်အသုံးချနိုင်မှသာ တိုးတက်ဖွံ့ဖြိုးမှု ရရှိမှာဖြစ်ကြောင်း”**

လမ်းညွှန်မိန့်ကြားသွားသည်။

ရခိုင်ပြည်နယ်သည် ရေမြေသဘာဝ သယံဇာတအခြေအနေကောင်းများရှိသည်။ အလားအလာကောင်းသော ရေမြေသယံဇာတများ ပေါများကြွယ်ဝသည်။ ထိုအခြေခံကောင်းများကို အသုံးချ၍ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းများရရှိအောင် ကြိုးစားအားထုတ်ခြင်း၊ ရော်ဘာ၊ ငရုတ်ကောင်းစသည့် အမယ်သစ်(အမည်သစ်) ထုတ်ကုန်များကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်းစသည်ဖြင့် ကြံစည်အားထုတ် လုပ်ကိုင်သွားကြရမည်ဖြစ်သည်။ သို့မှသာ ဒေသခံပြည်သူများ ဝင်ငွေတိုးတက်ရရှိလာပြီး ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

ရခိုင်ပြည်နယ်သည် သဘာဝအနေအထားနှင့် မိုးရွာသွန်းမှုအခြေအနေများအရ ရော်ဘာစိုက်ပျိုးဖြစ်ထွန်းနိုင်သော ဒေသဖြစ်သည်။ ရော်ဘာသည် ယနေ့ပြည်ပဈေးကွက်တွင် ဈေးကောင်းများရရှိလျက်ရှိပြီး ခေတ်အဆက်ဆက် ဈေးကွက်ရှိသဖြင့် မတိမ်ကောနိုင်သည့် စက်မှုကုန်ကြမ်း အပင်အမျိုးအစားဖြစ်သည်။ ရော်ဘာကိုတစ်အုပ်တစ်မ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ပြည်ပဝင်ငွေရရှိနိုင်သည့်အပြင် ပြည်နယ်အတွင်းရှိ လူတစ်ဦးချင်း၏ ဝင်ငွေသည်လည်း သိသိသာသာ တိုးတက်လာမည်ဖြစ်သည်။ ငရုတ်ကောင်းစိုက်ပျိုးမှုသည် ပြည်နယ်အတွင်း အခြေခံရရှိပြီးဖြစ်၍ ထပ်မံအားထည့် တိုးချဲ့စိုက်ပျိုးသွားကြရန်ဖြစ်သည်။

ယင်းကဲ့သို့ ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးတာဝန်ခံများသည် မိမိတို့၏ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်ရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက် မိမိတို့ဒေသအတွင်းရှိ သဘာဝသယံဇာတများကို အပြည့်အဝအသုံးချလာနိုင်စေရန် တီထွင်ကြံဆမှုများဖြင့် ဦးဆောင်ဦးရွက်ပြုကြရမည်ဖြစ်သည်။

ရခိုင်ပြည်နယ်ကဲ့သို့ပင် အခြားသောပြည်နယ်နှင့်တိုင်းများအားလုံး ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်သွားကြပါက ဒေသအလိုက် ဆူကြုံနိမ့်မြင့်ကွာဟချက်များ လျော့နည်းကျဆင်းသွားကာ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းသည်လည်း မြင့်မားတိုးတက်လာမည် ဖြစ်သည်။

သို့ဖြစ်ရာ ဒေသအားလုံးတစ်ပြိုင်တည်း မျှမျှတတဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တာဝန်ရှိသူများအားလုံးက ရေမြေသဘာဝသယံဇာတများ၏ အခွင့်အလမ်းပေးမှုများကို ထိထိရောက်ရောက်အသုံးချပြီး ဒေသခံပြည်သူများနှင့်လက်တွဲ၍ အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# အာဆီယံနိုင်ငံများတွင် ဈေးကွက်တိုးချဲ့ရန် မော်တော်ကားကုမ္ပဏီသုံးခုနှင့် စက်ရုံများပူးတွဲတည်ဆောက်မည်

ဂျကာတာ ဒီဇင်ဘာ ၁

**အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)အဖွဲ့ဝင် ၁၀နိုင်ငံတွင် ဈေးကွက်တိုးချဲ့ရန်နှင့် အဆိုပါနိုင်ငံအသီးသီးတွင် မော်တော်ကား အစိတ်အပိုင်းများထုတ်လုပ်ရန် အရှေ့တောင်အာရှနိုင်ငံများမှ မော်တော်ကားကုမ္ပဏီသုံးခုတို့ စက်ရုံများပူးတွဲတည်ဆောက်ရန်စီစဉ်နေကြောင်း သိရသည်။**

အဆိုပါ ကုမ္ပဏီသုံးခုမှာ အင်ဒိုနီးရှားနိုင်ငံမှ ပီတီအက်စထရာအော်တိုပက်စ်(အေအိုပီ)၊ ထိုင်းနိုင်ငံမှ ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သည့် ထိုင်းဆမ်းမစ်နှင့် အင်ဒိုနီးရှားနိုင်ငံမှ ဒီဘီအာ–ဟိုင်ကွန်ကုမ္ပဏီတို့ဖြစ်ကြောင်း ဘီးစီးနက်စ် အင်ဒိုနီးရှား သတင်းစာက သောကြာနေ့တွင် ဖော်ပြထားသည်။

**လက်မှတ်ရေးထိုး**

ယင်းကဲ့သို့ မော်တော်ကားအစိတ်အပိုင်းစက်ရုံများတည်ဆောက်ခြင်းနှင့်ပတ်သက်၍ မလေးရှားနိုင်ငံနှင့် လာမည့်သီတင်းပတ်တွင် အပြီးသတ် ဆွေးနွေးမှုပြုလုပ်နိုင်ရန်အတွက် ယခုအခါဆွေးနွေးမှုသုံးကြိမ်ပြုလုပ်နေပြီး ထိုင်းနိုင်ငံတွင် စက်ရုံတည်ဆောက်ရန်အတွက်မှာ နားလည်မှုစာချုပ် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း အေအိုပီကုမ္ပဏီမှ ညွှန်ကြားရေးမှူးမိုဟာမက်ကိုစ်ဟူနိုက ပြောကြားသည်။

လာမည့်နှစ်ကုန်ကို နောက်ဆုံးထားပြီး ကုမ္ပဏီအသီးသီးက အမျိုးအစားကွဲပြားသော မော်တော်ကားပစ္စည်း အစိတ်အပိုင်းများကို ထုတ်လုပ်သွားကြမည်ဖြစ်ကြောင်းလည်း အဆိုပါ အေအိုပီညွှန်ကြားရေးမှူးဟူနိုက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် တရုတ်နှင့် ထိုင်းဝန်ကြီးချုပ်တို့ ကတိကဝတ်ပြု

ဗီယင်ကျန်း နိုဝင်ဘာ ၃၀

**တရုတ်နှင့်ထိုင်းနိုင်ငံတို့အနေဖြင့် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုများကို အနာဂတ်ကာလတွင် အပြန်အလှန်တိုးမြှင့်ဆောင်ရွက်သွားကြရန် တရုတ်နိုင်ငံ ဝန်ကြီးချုပ် ဝမ်ကျားပေါင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်တို့က ဗီယင်ကျန်းမြို့တွင် တနင်္လာနေ့က ကတိကဝတ်ပြုခဲ့ကြသည်။**

တရုတ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှစ်ဦး ဗီယင်ကျန်းမြို့တွင် တွေ့ဆုံဆွေးနွေးစဉ်အတွင်း တရုတ်–ထိုင်း ဆက်ဆံရေးတိုးတက်ဖြစ်ထွန်းမှုအပေါ်တွင် နှစ်ဦးနှစ်ဖက်အမြင်ချင်းဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံကုန်သွယ်ရေး၊ ဆက်သွယ်ရေး၊ သယံဇာတများနှင့် စွမ်းအင်နယ်ပယ်များတွင် အပြန်အလှန် ပူးပေါင်းနိုင်ခဲ့မှုအပေါ် ကျေနပ်အားရကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။

**အာရုံစိုက်ရာဖြစ်**

ထိုင်းဝန်ကြီးချုပ် သက်ဆင်က မဟာမဲခေါင်ဒေသခွဲတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအပေါ် ဆွေးနွေးပြောကြားခဲ့သလိုပင် တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်ကလည်း မဟာမဲခေါင်ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် တရုတ်–အာဆီယံပူးပေါင်းဆောင်ရွက်မှု၏ အာရုံစူးစိုက်ရာတစ်ခုလည်းဖြစ်ကြောင်း ပြောကြားသည်။

တရုတ်နိုင်ငံသည် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ ဒုတိယအကြိမ်အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်က ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် ဆက်သွယ်ရေး၊စွမ်းအင်၊လယ်ယာစိုက်ပျိုးရေးနှင့် ကုန်သွယ်ရေးတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ဖွံ့ဖြိုးရန် ဆွေးနွေးကြမည်ဟု မျှော်လင့်ကြောင်းဖြင့် မစ္စတာဝမ်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ရေနံလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

တီဟီရန် နိုဝင်ဘာ ၃၀

**အီရန်နိုင်ငံကို နှစ်ရက်ကြာ တရားဝင်အလည်အပတ်ခရီးရောက်ရှိနေသော ဗင်နီဇွဲလားသမ္မတ အိုဂါချေဗက်ဇ်သည် အီရန်သမ္မတမိုဟာမက်ခါတာမီနှင့် တွေ့ဆုံပြီး ရေနံလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးခဲ့သည်။ ရေနံလုပ်ငန်း၊ ရေနံနှင့်ဓာတုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းစသည့် လုပ်ငန်းများအပြင် စီးပွားရေးနှင့် လုံခြုံရေး ကဏ္ဍများတွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရန် ချေဗက်ဇ်က အကြံပြုခဲ့ကြောင်းသိရသည်။ အီရန်နိုင်ငံသည် ဗင်နီဇွဲလားသမ္မတ၏ ခရီးစဉ်တွင် လေးနိုင်ငံမြောက်နိုင်ငံဖြစ်ပြီး ၎င်းအနေဖြင့် စပိန်၊လစ်ဗျားနှင့် ရုရှားနိုင်ငံများကို သွားရောက်ခဲ့ပြီးဖြစ်သည်။**

ချေဗက်ဇ်သည် ယခုသီတင်းပတ်နှောင်းပိုင်းတွင် ကာတာနိုင်ငံသို့သွားမည်ဖြစ်သည်။ ဗင်နီဇွဲလားနိုင်ငံသည် ဆဋ္ဌမမြောက် ကမ္ဘာ့ရေနံအများဆုံးတင်ပို့သော နိုင်ငံဖြစ်ပြီးထိပ်တန်းအိုပက်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ **(စီစီတီဗွီ)**

# ကျောက်ဖြစ်ရုပ်ကြွင်းမီးလောင်ရာမှလေထဲပါလာသောအမှုန်အမွှားများ ပျမ်းမျှလူ့သက်တမ်းကို လျော့ကျစေကြောင်းလေ့လာတွေ့ရှိ

ဂျီနီဗာ နိုဝင်ဘာ ၃၀

**ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများ မီးလောင်ကျွမ်းခြင်းဖြင့် လေထဲ၌ လွင့်မျောပါလာသော သေးငယ်သည့် အမှုန်အမွှားများသည် ဥရောပနှင့်မြောက်အမေရိကတစ်လွှား၌ ပျမ်းမျှလူ့သက်တမ်းကို ရှစ်လမျှ လျော့စေကြောင်း သုတေသနအဖွဲ့အစည်းတစ်ခုက တနင်္လာနေ့၌ ပြောကြားသည်။**

ထိုအမှုန်အမွှားများသည် ကမ္ဘာ၌ အကြီးမားဆုံးလူသတ် ရောဂါဖြစ်သော နှလုံးရောဂါကို အဓိက ဖြစ်စေသည့် အကြောင်းတစ်ရပ်ဖြစ်ကြောင်း ကုလသမဂ္ဂသတင်းစာရှင်းပွဲ၌ ဩစတြီးယန်းအခြေစိုက် သုတေသနအဖွဲ့မှ သိပ္ပံပညာရှင်တစ်ဦးကပြောကြားသည်။

ဓာတ်အားစက်ရုံများ၊ မော်တော်ယာဉ်များ၊ သံမဏိနှင့် ဘိလပ်မြေစက်ရုံများနှင့်သစ်သားမီးလောင်မှုတို့သည် ထိုအမှုန်အမွှားများဖြစ်စေသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာအမှုန်အမွှားများကြောင့် နှလုံးရောဂါဖြစ်သည်ဆိုသော်ငြားလည်း ၎င်းအမှုန်အမွှားများသည် လေစီးကြောင်းတွင် ၂၀၀၀ မှ ၃၀၀၀ ကီလိုမီတာ (မိုင် ၁၂၀၀ မှ မိုင် ၁၉၀၀ထိ) လွင့်မျောနိုင်ကြောင်း သိရသည်။

**အမ်အင်အေ၊ရိုက်တာ**

✡ **ရှေ့ဖုံးမှ**

## ဆက်ကပ်လှူဒါန်း

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဟာမုနိဘုရားကြီးပြာသာဒ်တော်ရှိ မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ဆွမ်း၊ ရေချမ်းနှင့်ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းပူဇော်သည်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ နိုဝင်ဘာ ၃၀ရက်က ရခိုင်ပြည်နယ် ကျောက်တော်မြို့ မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။**

**(သတင်းစဉ်)**





## ပေးအပ်လှူဒါန်း

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နိုဝင်ဘာ ၃၀ ရက်က ရခိုင်ပြည်နယ် ကျောက်တော်မြို့ မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ် အတွက် လှူဒါန်းငွေများကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအေးသာသို့ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေသင်္ကန်းတော်ကပ်လှူပြီး ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အတွက် လှူဒါန်းငွေများကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအေးသာသို့ ပေးအပ်လှူဒါန်းသည်။

## လှည့်လည်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့်အဖွဲ့ဝင်များသည် မဟာမုနိဘုရားကြီးအား လက်ယာရစ်လှည့်လည် ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ရှေးဟောင်းသုတေသနဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးညွှန့်ဟန်က ဓညဝတီမြို့ဟောင်း ပထမအကြိမ် တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဝေသာလီမြို့ဟောင်း တူးဖော်မှုလုပ်ငန်းဆောင်ရွက်ရန်စီစဉ်ထားမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## လမ်းညွှန်မှာကြား

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဟာမုနိဘုရားကြီးပရဝဏ်ရှိ ဦးတော်ဆေးကန်၌ ဇီဝိတဒါနအဖြစ် ငါးများအား သက်လွှတ်ပေးသည်။

## ငါးများသက်လွှတ်ပေး

ထို့အတူ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည်လည်း လက်တော်ဆေးကန်၌ ဇီဝိတဒါနအဖြစ်ငါးများအား သက်လွှတ်ပေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ဒေသခံပြည်သူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး တပ်မတော်ရေယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် အမ်းမြို့သို့ရောက်ရှိကြသည်။



ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်လှိုင်၊ အမ်းတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ အမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့နှင့်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပန်းဖွားအကအဖွဲ့ဝင်များ၊ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် အမ်းမြို့တပ်နယ်ရိပ်သာသို့ ရောက်ရှိရပ်နားကြသည်။ **(သတင်းစဉ်)**

## သာယာမည်

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။**



# နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်း ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်ဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းနှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာနိုဘူတာကာမာချီမူရာတို့သည် နိုဝင်ဘာ ၂၇ရက် ည၇နာရီ၁၅မိနစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Lao Plaza Hotel ပထမထပ်ရှိ ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။ **(ဓါတ်ပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းနှင့်အတူ အာဆီယံရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးအောင်ဘွားလည်း တက်ရောက်သည်။

**(သတင်းစဉ်)**

# ဝိပဿနာ တရားအားထုတ်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် မဟာစည်သြဝါဒခံ ညောင်ကန်အေးကွင်းကျောင်း သာသနာ့ရိပ်သာ (၃၄) ကြိမ်မြောက် ခုနစ်ရက် ဝိပဿနာ တရားအားထုတ်ပွဲကို ဒီဇင်ဘာ ၁၉ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ရာ မဂ္ဂင်ရှစ်ပါး ဝိပဿနာ ဘာဝနာတရား ပွားများအားထုတ်လိုသူများ ၎င်းတရားစခန်းပွဲ၌ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည် စသည့် လှူဖွယ်ပစ္စည်း အသီးသီးတို့ကို ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ဝေယျာဝစ္စအဖွဲ့ ဖုန်း-၅၆၀၉၂၄ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး အချိန်မီ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**



■ *ကျောဖုံးမှ*

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တရုတ် ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ ဒုတိယကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂိုဂျင့်ဖုန်း ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စား လှယ်အဖွဲ့ဝင်များအား ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီး အရာရှိချုပ်(ရေ)ဗိုလ်မှူးကြီးညဏ်ထွန်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မ တော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာတရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun ၊ စစ်သံမှူး Senior Colonel, Ma Shoudong နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည် ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ် ဆက်ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ် ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း တရုတ်ပြည်သူ့လွတ် မြောက်ရေး တပ်မတော်မှ ဒုတိယ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂိုဂျင့်ဖုန်း ဦးဆောင်သည့် ချစ် ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တွင် ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂိုဂျင့်ဖုန်းနှင့်အဖွဲ့အား ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

## တွေ့ဆုံပွဲတက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးညဏ်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်စိုးမောင်၊ ဗိုလ်ချုပ်ကြည်ဝင်း၊ ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်လှိုင်နှင့်ဗိုလ်ချုပ်အေးမြင့်တို့ တက်ရောက်ကြပြီး ဧည့်သည်တော်တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂိုဂျင့်ဖုန်းနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Li Jinjun နှင့် စစ်သံမှူး Senior Colonel,Ma Shoudong တို့လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

**မြန်မာ့ရုပ်မြင်သံကြား**

**၂-၁၂-၂၀၀၄ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇း၁၅။ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယော)ဆရာတော် ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်

၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇း၃၀ ၄။ နံနက်ခင်းသတင်း

၇း၄၀ ၅။ သံသာချို့အေးမင်္ဂလာတေး

၇း၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၈း၀၅ ၇။ အဆိုပြိုင်ပွဲ

၈း၁၅ ၈။ အကပဒေသာ

၈း၂၀ ၉။ ဗိုက္ကရဲရေထိန်းတံခါး

၈း၃၀ ၁၀။ International News

၈း၄၅ ၁၁။ Islands of Dhamma

၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆း၃၀ ၃။ English for Everyday Use

၁၆း၄၅ ၄။ တေးဂီတအစီအစဉ်

၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)

၁၇း၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၁၇း၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး

၁၇း၄၀ ၈။ **"အလံလေးတော့ကိုင်ပြေပါ"** ဖွဲ့နိုင်ဝင်း၊ ရတနာခင် (ဒါရိုက်တာ-မင်းအုပ်စိုး)

၁၇း၅၀ ၉။ တေးဂီတအစီအစဉ်

၁၈း၀၅ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်

၁၈း၁၅ ၁၁။ တေးဂီတအစီအစဉ်

၁၈း၃၀ ၁၂။ ညနေခင်းသတင်း

၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ

၁၉း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း-၃၃)

၁၉း၄၀ ၁၅။ စစ်ကိုင်းတောင်ရိုးမညို့သည့်သာသနာ(အပိုင်း-၂)

၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုန်းကျန်းပြည်နယ် အဆို၊ အက၊ မျက်လှည့်၊ ဘားကျွမ်း ပဒေသာကပွဲ

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

## စီးပွားကူးသန်းဂျာနယ် အတွဲ(၄)၊အမှတ်(၂၂)ဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၁**

ဆရာမောင်စူးစမ်း၊ ဆရာအောင်သင်း၊ ဆရာပါရဂူ၊ ဒေါက်တာခင်မောင်ညို၊ ဦးဟန်ထွန်းတို့၏ ဆောင်းပါးများနှင့်အတူ သုတ/ရသ ဆောင်းပါးများဖြင့် ဝေဝေဆာဆာဖော်ပြထားသည့် စီးပွားကူးသန်းဂျာနယ် အတွဲ(၄)၊ အမှတ်(၂၂)ကို အမှတ် ၃၈ လမ်း ၃၀ ပန်းဘဲတန်းမြို့နယ် ရန်ကုန် စီးပွားကူးသန်း ဂျာနယ်တိုက်မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

**(က-ပ)**



# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဗိုလ်ချုပ်ကြီးဂိုဂျင့်ဖုန်းဦးဆောင်သည့် ချစ်ကြည်ရေးအဖွဲ့အား ဂုဏ်ပြုညစာတည်ခင်းဧည့်ခံ

ရန်ကုန် ဒီဇင်ဘာ ၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂိုဂျင့်ဖုန်းဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

## ညစာစားပွဲတက်ရောက်

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးညဏ်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Li Jinjun ၊ စစ်သံမှူး Senior Colonel, Ma Shoudong နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြပြီး ညစာသုံးဆောင်အပြီးတွင် သဘင်ဆောင်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကတို့ဖြင့် ဧည့်ခံဖျော်ဖြေသည်။

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂိုဂျင့်ဖုန်းက ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ကာ အမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နှစ်ပတ်လည်နေ့သဝဏ်လွှာပေးပို့

**ရန်ကုန် ဒီဇင်ဘာ ၂**

၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂ ရက်၌ ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတည်ထောင်သည့် (၂၉)နှစ်မြောက် နှစ်ပတ်လည် အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

● **ကျောဖုံးမှ**

၂၀၀၄ခုနှစ် နိုဝင်ဘာ ၂၈ ရက်မှ ၃၀ရက်အထိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ထိပ်သီး အစည်းအဝေး၊ အာဆီယံနိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများထိပ်သီးအစည်းအဝေးများ၊ အာဆီယံ-အိန္ဒိယထိပ်သီး အစည်းအဝေးနှင့် အာဆီယံ-ဩစတြေးလျ-နယူးဇီလန် အထိမ်းအမှတ် ထိပ်သီး အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့နံနက် ၁၀နာရီ၄၅မိနစ်တွင် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့မှ အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Kobkeo Luangkhotနှင့် သံရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**ပြန်လည်လိုက်ပါ**

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဦးကျော်သူ၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပသည့် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်ထိပ်သီးအစည်းအဝေး၊ အာဆီယံနိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများ ထိပ်သီးအစည်းအဝေးများ၊ အာဆီယံ-အိန္ဒိယထိပ်သီးအစည်းအဝေးနှင့် အာဆီယံ-ဩစတြေးလျ-နယူးဇီလန် အထိမ်းအမှတ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Kobkeo Luang-khot နှင့် သံရုံးမှ တာဝန်ရှိသူများက ပန်းစည်းဆက်၍ကြိုဆိုစဉ်။**
(သတင်းစဉ်)

# နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း လာအိုနိုင်ငံနှစ်ပတ်လည်နေ့သဝဏ်လွှာပေးပို့

**ရန်ကုန် ဒီဇင်ဘာ ၂**

၂၀၀၄ခုနှစ် ဒီဇင်ဘာ၂ရက်၌ ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံတည်ထောင်သည့် (၂၉)နှစ်မြောက် နှစ်ပတ်လည် အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆွန်ဆာဗက် လန်ဆာဗတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# တရားတော်များဟောကြားမည်

**ရန်ကုန် ဒီဇင်ဘာ ၁**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၈/စီ-ဒီ)ရပ်ကွက် ပုလဲရတနာလမ်း ဒဂုံမြို့ဦးကျောင်းရှေ့ တရားမဏ္ဍပ်ကြီးတွင် ဒီဇင်ဘာ၄ရက်မှ ၁၂ရက်အထိ ညစဉ်၇နာရီမှစတင်၍ တရားတော်များဟောကြားမည်ဖြစ်ရာ ဒီဇင်ဘာ ၄ရက်တွင် ဘဒ္ဒန္တဇဝန(ဓမ္မကထိက)၊ ၅ရက်တွင် ဦးနေမိန္ဒ (ဓမ္မကထိက)၊ ၆ရက်တွင် ဘဒ္ဒန္တစန္ဒသူရိယ (ဓမ္မကထိက ဗဟုဇနဟိတရေ)၊ ၇ရက်တွင် ရန်ကုန်ဦးဇဋိလ(ဗဟုဇနဟိတရေ၊ မဟာ ဓမ္မကထိက)၊ ၈ရက်တွင် ဦးရေဝတ (ဓမ္မကထိက)၊ ၉ရက်တွင် ရွှေမြိုင်ဆရာတော် ဦးသြဘာသဘိဝံသ (ဓမ္မစရိယ ပါဠိပါရဂူ၊ ဘီအေ)၊ ၁၁ ရက်တွင် ဦးတေဇောဘာသ (ဥဘတောဝိဘင်္ဂရေ၊ သာသနဓဇ၊ ဓမ္မာစရိယ)၊ ၁၂ရက်တွင် ဦးခေမိန္ဒ (ဓမ္မကထိက) တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားကြမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံစာစစ်အဖွဲ့
## ကြေညာချက်

**ရက်စွဲ။ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်။**

၂၀၀၅ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ပါအချိန်စာရင်းအရ ကျင်းပမည်ဖြစ်ပါသည်။

**၂၀၀၅ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာရပ်များ |
|---|---|---|
| (၁) | (၂) | (၃) |
| ၁၆-၃-၂၀၀၅ (ဗုဒ္ဓဟူးနေ့) | နံနက် ၉ နာရီမှ ၁၂ နာရီအထိ။ | မြန်မာစာ |
| ၁၇-၃-၂၀၀၅ (ကြာသပတေးနေ့) | နံနက် ၉ နာရီမှ ၁၂ နာရီအထိ။ | အင်္ဂလိပ်စာ |
| ၁၈-၃-၂၀၀၅ (သောကြာနေ့) | နံနက် ၉ နာရီမှ ၁၂ နာရီအထိ။ | သင်္ချာ |
| ၁၉-၃-၂၀၀၅ (စနေနေ့) | နံနက် ၉ နာရီမှ ၁၂ နာရီအထိ။ | ဓာတုဗေဒ |
| ၂၁-၃-၂၀၀၅ (တနင်္လာနေ့) | နံနက် ၉ နာရီမှ ၁၂ နာရီအထိ။ | ရူပဗေဒ |
| ၂၂-၃-၂၀၀၅ (အင်္ဂါနေ့) | နံနက် ၉ နာရီမှ ၁၂ နာရီအထိ။ | ဇီဝဗေဒ သမိုင်း |
| ၂၃-၃-၂၀၀၅ (ဗုဒ္ဓဟူးနေ့) | နံနက် ၉ နာရီမှ ၁၂ နာရီအထိ။ | ပထဝီဝင် |
| ၂၅-၃-၂၀၀၅ (သောကြာနေ့) | နံနက် ၉ နာရီမှ ၁၂ နာရီအထိ။ | ဘောဂဗေဒ |
| ၂၆-၃-၂၀၀၅ (စနေနေ့) | နံနက် ၉ နာရီမှ ၁၂ နာရီအထိ။ | စိတ်ကြိုက်မြန်မာစာ |

# မြဝတီရုပ်မြင်သံကြား

**၂-၁၂-၂၀၀၄ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄း၅၅ ၈။ မျိုးချစ်တပ်မတော်
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
Element of Simpling Problems
(တတိယနှစ်-စီးပွားရေး)
°Area Characteristic Between Complementary
(တတိယနှစ်-ပထဝီဝင်အထူးပြု)
၅း၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၆။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း
၆း၅၀ ၁၇။ လျှပ်တစ်ပြက်
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက် ချစ်တယ်"**(အပိုင်း-၂၀)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ မြန်မာ့ရှုခင်း
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း-၂၃)

# ပြင်ဆင်ဖတ်ရှုပါရန်

၁-၁၂-၂၀၀၄ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၈) ကော်လံ (၅/၆)တွင် ဖော်ပြထားသော ဓာတ်ပုံ ပုံစာကို ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မင်းအောင်လှိုင်က ရှင်းလင်းတင်ပြစဉ် အစား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းက ရှင်းလင်းတင်ပြစဉ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

# မြားပစ်အသင်း ရွှေရောင်ဝင်းပြီ

မြားပစ်အသင်း၊ ရွှေရောင်ဝင်းပြီ
ထိန်လင်းတေဇာ၊ အောင်သြဘာနှင့်
မြန်မာမြားပစ်၊ ဂုဏ်ရှိန်သစ်ရှင့်
ဖွင့်လှစ်အောင်ပွဲ၊ ကြိမ်ကြိမ်နွဲလျက်
ဇွဲသတ္တိမှန်၊ မျိုးသားမာန်နှင့်
အောင်လံထူလွှင့်၊ မျိုးဂုဏ်မြှင့်ရန်
ဆင့်ဆင့်ကြိုးပမ်း၊ ကမ္ဘာလွှမ်းအောင်
စွမ်းစွမ်းတမံ၊ ဇာတိမာန်နှင့်
ပြင်းထန်ဆင်နွှဲ၊ ရွှေငွေဆွဲ၍
အောင်ပွဲလီလီ၊ ခံခဲ့ပြီ။

အာရှတံခွန်စိုက်၊ အောင်လံစိုက်ပြီ
ထိုက်ထိုက်တန်တန်၊ ဇွဲအားမာန်နှင့်၊
အောင်လံထူလွှင့်၊ မျိုးဂုဏ်မြှင့်ရန်
ရွှန်းတင့်သြဘာ၊ မေ့သည်းချာတို့
မြန်မာလူမျိုး၊ စွမ်းတန်ခိုးကို
စိုးမိုးလွှမ်းခြုံ၊ သိမ့်သိမ့်တုန်အောင်
လေဟုန်ဖြိုခွင်း၊ မြားတစ်စင်းနှင့်
ထိန်လင်းဝေဖြာ၊ ဖြောင့်တန်းစွာဖြင့်
အဝိစက်ကွင်း၊ အရောက်ထွင်း၍
ပျံ့သင်းကြေညာ၊ တို့မြန်မာဟု
ကမ္ဘာဆုံးအောင်၊ မျိုးဂုဏ်ဆောင်သား
ရွှန်းပြောင်တေဇာ၊ ရွှေမြန်မာတို့
သြဘာစံမှီ၊ အောင်စည်တီးပြီ
မော်ကွန်းစိုက်ထူ၊ တံခွန်ထူပြီ
ဇေယျာရွှန်းတင့်၊ အောင်လံလွှင့်ပြီ
ထပ်ဆင့် ကမ္ဘာလင်းစေသောဝ်။ ။

**တက္ကသိုလ် နွယ်သခင်**

# စီးပွားရေးတွက်ခြေကိုက်ဖို့ ရော်ဘာစိုက်မယ်ဗျို့

ကိုဖိုးသောင်း

ဒီကနေ့ ကမ္ဘာပေါ်မှာ ရော်ဘာဟာ မရှိမဖြစ်တဲ့ ပစ္စည်းဖြစ်နေတယ်။ တချို့စက်မှုဖွံ့ဖြိုးတဲ့ နိုင်ငံတွေမှာ ရော်ဘာအစစ်တွေ ဈေးကြီးပြီး ဝယ်ချင်သလောက် အလုံအလောက်မရလို့ ရော်ဘာအတုတွေ ပြုလုပ်ဖန်တီးပြီး သုံးစွဲနေကြတယ်။ ကမ္ဘာ့ဈေးကွက်မှာ ရော်ဘာဟာ ထာဝရရောင်းအားကောင်းပြီး ဈေးကျဖို့မဆိုနဲ့ တက်ရိပ်ပြနေတဲ့အကြောင်းတွေကို စာနယ်ဇင်းတွေမှာဖတ်ရတော့ ဘယ်လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံရရင် ကောင်းမလဲလို့ လေ့လာစူးစမ်းနေတဲ့ ကျွန်တော့်မှာ ရော်ဘာစိုက်ပျိုးချင်စိတ်တွေ တားဆီးလို့မရအောင် ပြင်းပြလာပါတယ်။

၂၅–၁၁–၂၀၀၄ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၄)မှာလဲ“ဗီယက်နမ်နိုင်ငံအနေဖြင့် ရော်ဘာဈေးနှုန်း တိုးမြှင့်ရရှိလာမှုကြောင့် လွန်ခဲ့သောနှစ်ကထက် နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ပိုမိုရရှိခဲ့ကြောင်း၊ လွန်ခဲ့သောနှစ်ကရရှိခဲ့သည့် အမေရိကန်ဒေါ်လာ ၃၈၃သန်း ထက်ပင် ပိုမိုရရှိခဲ့ကြောင်း” ဖော်ပြထားတာကို ဖတ်ရှုလိုက်ရပြန်ပါတယ်။

ကျွန်တော့်မှာ ငွေကြေးအတန်အသင့် စုဆောင်းမိလာချိန်မို့ ရေရှည်သားစဉ်မြေးဆက် စီးပွားရေးတွက်ခြေကိုက်အောင် ဘာလုပ်ရရင် ကောင်းမလဲ၊ ကျွန်တော်ဝါသနာပါတာကလဲ စိုက်ပျိုးရေး၊ ဒါကြောင့်မို့ နေ့တိုင်းစဉ်းစားပြီး လိုက်လေ့လာနေခဲ့တာပါ။ ဒီလိုနဲ့ လှည်းကူး–အင်းတကော်ဘက်ကို မြေဈေးစနည်းနာဖို့ ရောက်သွားခဲ့တယ်။

လှည်းကူးရောက်တော့ မိတ်ဆွေဖြစ်သူ တစ်ဦးက မိတ်ဆက်ပေးလို့ ဒေါ်အေးမိမိစိုးလို့ခေါ်တဲ့ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းရှင် အစ်မကြီးနဲ့ သိကျွမ်းခဲ့ရတယ်။ အစ်မကြီး ဒေါ်အေးမိမိစိုးကတော့ ပဲခူးမြို့နယ် အင်းတကော်အလိုင်နီ အထူးဇုန်ဒေသမှာ ရော်ဘာဧက ၃၀၀ကျော် လက်တွေ့စိုက်ပျိုးအောင်မြင်နေသူဖြစ်လို့ ရော်ဘာရဲ့ကောင်းကြောင်း ကောင်းကောင်းကြီးသိနေသူပါ။

“ကိုဖိုးသောင်း စိတ်ကူးမလွဲနဲ့၊ ရော်ဘာစိုက်ပါ။ ရော်ဘာစိုက်ရင် သားစဉ်မြေးဆက် စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်ပြီးသားဖြစ်မယ်။ တစ်ခုတော့ရှိတယ်။ အကျိုးအမြတ်ရဖို့အတွက် ခုနစ်နှစ်လောက်တော့ စောင့်နိုင် ရလိမ့်မယ်”

“ရေရှည်အကျိုးရှိမယ်ဆိုရင် စောင့် ရမှာပေါ့ဗျာ၊ ဒါနဲ့ပြောပါဦး အစ်မကြီးရ၊ ရင်းနှီးမြှုပ်နှံရမယ့်ကာလနဲ့ ငွေကြေးကုန်ကျမှုအခြေအနေတွေ ကိုလေ”

“ပြောပါ့မယ်ရှင်၊ ရော်ဘာ စစိုက်တော့မယ်ဆိုရင်တော့ မျိုးစေ့တို့၊ ပျိုးပင်တို့ အပါအဝင် ခြံလုပ်ငန်းတွေလုပ်ဖို့ တစ်ဧကကို ငွေနှစ်သိန်းနီးပါး ကုန်ကျမယ်။ ရော်ဘာစေးမထွက်ခင် နှစ်စဉ် ထိန်းသိမ်းစရိတ်ကတော့ တစ်နှစ်ကို တစ်သိန်းနှုန်းနဲ့ ခြောက်နှစ်ဆိုတော့ ခြောက်သိန်းလောက်တော့ ကုန်မယ်ရှင်။ စုစုပေါင်း ငွေရှစ်သိန်း ရင်းနှီးလိုက်ရင် ခုနစ်နှစ်ပြည့်တာနဲ့ ရော်ဘာစေးတွေ ထွက်ရှိလာတာမို့ တစ်ဧကအတွက် အသားတင်အမြတ်ငွေ နှစ်သိန်းခွဲကနေ သုံးသိန်း နှစ်စဉ်ဝင်ငွေရလာလိမ့်မယ်။ ထိန်းသိမ်းမှုကောင်းရင်ကောင်းသလို အမြတ်ငွေ ပိုရနိုင်တယ်လေ”

“ဟာ ဒီလိုဆို ဘာမလုပ်နိုင်စရာရှိမှာလဲ။ အစ်မကြီးကိုတော့ အားကျတယ်ဗျာ”

**ပူအိုက်စွတ်စိုတဲ့ ရာသီဥတုနဲ့ မြေအစိုဓာတ်ကိုကြိုက်တဲ့ ရော်ဘာပင်တွေကို မြန်မာနိုင်ငံမှာ အလျှံပယ်ရှိနေတဲ့ မြေလွတ်မြေရိုင်းတွေကို ခုတ်ထွင်ရှင်းလင်းပြီး တိုးချဲ့စိုက်ပျိုးမယ်ဆိုရင် မြန်မာနိုင်ငံအနေနဲ့ ရော်ဘာအဓိက စိုက်ပျိုးထုတ်လုပ်တဲ့ နိုင်ငံဖြစ်လာမှာပါ။ နိုင်ငံအကျိုးသာမက မိမိအတွက် အကျိုးအမြတ်သေချာတဲ့ လုပ်ငန်းဖြစ်လို့ လူတိုင်းလုပ်သင့်တဲ့ စီးပွားဖြစ်လုပ်ငန်းတစ်ခုလို့ တိုက်တွန်းချင်ပါတယ်။**

“ရှင်က အားကျနေလို့ ပြောပြရဦးမယ်၊ ဒါ့ထက်တောင် ပိုသေးတယ်လို့။ ကျွန်မက ရော်ဘာနဲ့ချမ်းသာနေတဲ့ လူတွေကို ရှင့်လိုပဲ အားကျခဲ့တာရှင့်။ ထားဝယ်က ဦးသန်းဆွေနဲ့ ဦးရန်ရှင်း၊ ရန်ကုန်က ကြက်ဆင်ဖဲထီး ဦးသန်းမောင်၊ မော်ဘီက ဦးအောင်မိုးကျော်၊ မွန်ပြည်နယ်က ဦးခင်ဇော်နဲ့ ဦးမြင့်ဟန်၊ ပုလောက ဦးလှကြည်၊ တနင်္သာရီက ဦးကျင်ယန်၊ မြိတ်က ဦးမောင်လင်းတို့ကိုပေါ့။ သူတို့အားလုံး ရော်ဘာနဲ့ စီးပွားဖြစ်နေကြတာလေ”

“ခုနက ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်နဲ့ အသားတင်ရမယ့် အမြတ်ငွေကိစ္စက ပြောလို့မဆုံးသေးဘူး။ ရော်ဘာစိုက်ရင် ၁၀နှစ်ပြည့်တာနဲ့ အရင်းကျေပြီး နောက်ထပ် နှစ် ၂၀ တိုင်တိုင် နှစ်စဉ် အသားတင်အမြတ်ငွေတွေ စဉ်ဆက်မပြတ်ရနိုင်တာမို့ တွက်ခြေကိုက်တဲ့ စီးပွားဖြစ်လုပ်ငန်းလို့ ပြောရတာပါ”

“တကယ်သေချာတဲ့ စီးပွားရေးလုပ်ငန်းပါပဲ”

“ဟုတ်ပါ့ရှင်–ဟုတ်ပါ့၊ နောက်ပြီး ရော်ဘာစေးမထွက်ခင် ကြားကာလမှာ စရိတ်ကြေအောင်လုပ်တဲ့ နည်းလေးပါပေးလိုက်မယ်။ ကြားကာလမှာ ရော်ဘာတန်းကြားတွေမှာ ကြားသီးနှံအဖြစ် စပါး၊ မြေပဲနဲ့ ပဲအမျိုးမျိုး၊ နှမ်း၊ ဖရဲစတဲ့ သီးနှံတွေ ကြားညှပ်စိုက်ရင် ရော်ဘာအတွက် နှစ်စဉ် ကုန်ကျစရိတ်တွေကျေပြီး အမြတ်တောင်ရနိုင်ပါသေးတယ်”

“ကြားရတာ နားဝမှာ မင်္ဂလာရှိလိုက်တာဗျာ။ ရော်ဘာတွေ ကမ္ဘာမှာ ဈေးကောင်းနေတဲ့အကြောင်း သတင်းစာမှာ ဖတ်မိကတည်းက စိုက်ချင်ပျိုးချင်နေတာ။ အစ်မကြီးနဲ့တွေ့မှပဲ ဆုံးဖြတ်ချက် ပိုင်ပိုင်နိုင်နိုင်ချပြီး မဖြစ်မနေ စိုက်တော့မယ်ဗျို့။ ကျေးဇူးပါပဲ အစ်မကြီး”

“ဟုတ်ကဲ့၊ ဒီထက်ပိုသိချင်သေးရင်တော့ အင်းတကော်(၁၀မိုင်ကုန်း)က သုတေသနနဲ့ မျိုးပွားခြံကိုဝင်လေ့လာပြီး နည်းပညာပိုင်းဆိုင်ရာတွေကို မေးမြန်းစူးစမ်းလို့ရတယ် ကိုဖိုးသောင်းရေ၊ ကဲ–ကျွန်မလဲ ခြံကိစ္စနဲ့သွားလိုက်ဦးမယ်နော်”

သည်လိုနဲ့ ကျွန်တော် လယ်/ဆည် ဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း သုတေသနနှင့် မျိုးပွားခြံ (အင်းတကော်)ကို ရောက်ဖြစ်ခဲ့ပါတယ်။ အဲ့ဒီက ခြံမန်နေဂျာ ဦးအောင်မျိုးဦးနဲ့ လက်ထောက်မန်နေဂျာ ဒေါ်ခင်နီလာထွန်းတို့က လှိုက်လှိုက်လှဲလှဲ ပျူပျူငှာငှာနဲ့ ကျွန်တော် သိချင်သမျှကို မေးခွင့်ပြုကြပါတယ်။

“ရော်ဘာပင်ဆိုတာ မျိုးသန့်စေ့က ပျိုးထောင်နိုင်တဲ့ ပျိုးပင်နဲ့ အဖူးကူးပြီးမှရတဲ့ ပျိုးပင်ဆိုပြီး နှစ်မျိုးရှိပါတယ်။ မျိုးသန့်စေ့က ပျိုးထောင်တဲ့ ပျိုးပင်မျိုးပေါ်မူတည်ပါတယ်”

“အဖူးကူးပြီးမှရတဲ့ မျိုးသန့်ပျိုးပင်ကတော့ ကျွန်တော်တို့ လက်တွေ့လုပ်နေရတဲ့ အနေအထားအရ ပြောရမယ်ဆိုရင် ပိုပြီး စိတ်ချရတဲ့ အနေအထားမှာရှိပါတယ်။ ရော်ဘာအထွက်နှုန်း ပိုကောင်းတာပေါ့”

“အခု သုတေသနမျိုးပွားခြံမှာ မြန်မာ–တရုတ်ချစ်ကြည်ရေး ရော်ဘာပျိုးခင်းတည်ထောင်ရေး စီမံကိန်းကို တရုတ်ပညာရှင်တွေနဲ့ ပူးပေါင်းပြီး လုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့ စိုက်ပျိုးမှုနည်းပညာနဲ့မတူတဲ့ နည်းပညာအသစ်တွေကိုလဲ တရုတ်ပညာရှင်တွေက ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်” လို့ ခြံမန်နေဂျာ ဦးအောင်မျိုးဦးက သေသေချာချာ ရှင်းပြပေးပါတယ်။

ကျွန်တော်က ဧကများများစိုက်ရင် ခြံလုပ်သားစုဆောင်းရတဲ့ အခက်အခဲတွေများ ရှိနိုင်ပါသလားလို့ မေးတဲ့အခါမှာ လက်ထောက်ခြံမန်နေဂျာ ဒေါ်ခင်နီလာထွန်းက–

“နေရာဒေသအလိုက် အခြေအနေတွေ ကွဲပြားပေမယ့် ခြံအလုပ်သမားရှာရတာက လွယ်ပါတယ်။ သက်တမ်း ၂၀ကျော်တဲ့ ရော်ဘာပင်တွေကိုတော့ ခေတ်မီနည်းပညာတွေသုံးပြီး ရော်ဘာစေး ရယူနိုင်တဲ့အတွက် အလုပ်သမားများများသုံးစရာမလိုတော့ပါဘူး။ အုပ်ချုပ်မှု ပြဿနာလဲ နည်းသွားတာပေါ့”

“သက်တမ်းရင့်လာတဲ့ ရော်ဘာပင်တွေမှာ ရော်ဘာစေး အထွက်များများရဖို့အတွက် ပင်စည်တွေမှာ Ethylene Gas (အီသလင်းဓာတ်ငွေ့)သုံးကိရိယာလေးတွေ တပ်ဆင်လိုက်မယ်ဆိုရင် အဲဒီဓာတ်ငွေ့က ပင်စည်ထဲမှာရှိတဲ့ ရော်ဘာစေးတွေကို ဖိအားပေးလိုက်တဲ့အခါ သုံးရက်မြောက်တဲ့နေ့မှာ ရော်ဘာစေးတွေကို ထိထိရောက်ရောက် ထုတ်ယူနိုင်ပါတယ်”

“Ethrel(အီသရယ်)ဆိုတဲ့ ဓာတုပစ္စည်း အရည်တစ်မျိုးကတော့ ရော်ဘာစေး များများထွက်အောင် ပင်စည်မှာ သုတ်လိမ်းပေးရတဲ့ အကျိုးပြုပစ္စည်းပါ။ လူတွေကို အားရှိအောင် အားဆေးတိုက်သလိုမျိုးပေါ့ရှင်။ တကယ်လဲ ထိရောက်အသုံးဝင်ပါတယ်။ အဲ့ဒီနည်းစနစ်တွေကို မလေးရှားနိုင်ငံမှာ ၁၂နှစ်ကြာ သုတေသနပြု တီထွင်ခဲ့တယ်လို့ သိရပါတယ်။ ကမ္ဘာပေါ်မှာ မလေးရှားနိုင်ငံက ရော်ဘာအထွက်နှုန်း အကောင်းဆုံးပါ”

“ဟုတ်ကဲ့၊ အခုလို စိတ်ရှည်လက်ရှည် ရှင်းပြပေးကြလို့ အားလုံးကို ကျေးဇူးတင်ပါတယ်ဗျာ”

“ရပါတယ်ခင်ဗျား၊ ဘယ်သူ့ကိုမဆို ကျွန်တော်တို့ခြံက ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုအတွက် အကူအညီပေးဖို့ အသင့်ကြိုဆိုနေပါတယ်”

ဤမျှနှင့် ကျွန်တော်၏ သိလိုစိတ်ကို မရပ်နိုင်သေးပါ။ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုအတွက် လိုအပ်သောပံ့ပိုးကူညီမှုများ မည်ရွေ့မည်မျှ ရနိုင်မည်ကို သိရှိလိုသဖြင့် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းရုံးချုပ်သို့ သွားရောက် စုံစမ်းလေ့လာခဲ့ရာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးကြည်ဝင်းနှင့် တာဝန်ရှိသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံမေးမြန်းခွင့် ရရှိခဲ့ပြန်ပါတယ်။

ဗိုလ်မှူးကြီးကြည်ဝင်းက “ရော်ဘာဆိုတာ စက်မှုကုန်ကြမ်းတစ်မျိုးဖြစ်ပါတယ်။ ဒီကနေ့လူသားတွေဟာ ရော်ဘာနဲ့မကင်းနိုင်ကြပါဘူး။ လူ့အသုံးအဆောင်ပစ္စည်း တော်တော်များများကို ရော်ဘာနဲ့လုပ်ထားကြတာပါ။ နမူနာတစ်ခုပြောပြပါမယ်။ မော်တော်ယာဉ်တစ်စီးမှာပဲ ရော်ဘာနဲ့ပတ်သက်တဲ့ ပစ္စည်းပေါင်း ၄၀၀ကျော် ပါဝင်နေပါတယ်”

“ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းဟာ သားစဉ်မြေးဆက် အကျိုးဖြစ်ထွန်းနိုင်တဲ့ စီးပွားရေးလုပ်ငန်းဖြစ်လို့ နိုင်ငံတော်ကလဲ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူတွေကို အဘက်ဘက်က အားပေးကူညီ နေပါတယ်။ တိုင်းရင်းသားလုပ်ငန်းရှင်တွေကို မြေယာတွေချပေးပြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း တိုးချဲ့လုပ်ကိုင်ဖို့ အခွင့်အရေးတွေ ပေးနေပါတယ်”

“ဒီကနေ့ကမ္ဘာ့ဈေးကွက်မှာမြန်မာ့ရော်ဘာက မက်ထရစ်တန်တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၁၀၀မှ ၁၃၀၀ အထိဈေးရရှိပြီး ဖြတ်စ၊ ညှပ်စ၊ ဆွဲဖတ်၊ ခွက်ကပ်များကို ပြုပြင်ပြီး ရရှိတဲ့ခရမ့်ရော်ဘာဆိုရင် မက်ထရစ် တန်တစ်တန်ကို ဒေါ်လာ ၁၀၀၀ အထိ ရနိုင်ပါတယ်။ ဒါကြောင့် ရော်ဘာစိုက်ပျိုးမယ်ဆိုရင် ပြည်ပပို့ကုန်ဈေးကွက် သေချာတာမို့ စီးပွားဖြစ်တယ်၊ တွက်ခြေကိုက်တယ်လို့ ပြောနေကြတာပါ”

“မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်မှာ မက်ထရစ်တန်ပေါင်း ၂၅၀၀၀ ကျော်နဲ့ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၂၁ သန်းကျော် ရှာဖွေပေးနိုင်ခဲ့ပါတယ်။ အဲဒါကလဲ ပြည်တွင်း လိုအပ်ချက်တွေအတွက် အသုံးပြုပြီး ပိုလျှံတာကိုမှ ပြည်ပကိုရောင်းခဲ့တာပါ”

“ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို လွတ်လပ်စွာ ရောင်းဝယ်တင်ပို့ခွင့်ပေးထားပါတယ်။ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းအနေနဲ့ကတော့ ရော်ဘာစိုက်ပျိုးချင်တဲ့ ဘယ်သူ့ကိုမဆို မြေနေရာရရှိရေး၊ မျိုးစေ့နဲ့နည်းပညာရရှိရေး၊ ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေးရရှိရေး ကိစ္စတွေကို ကူညီပံ့ပိုးပေးနေပါတယ်။ ရော်ဘာ စိုက်ပျိုးခြင်းဟာ မိမိအတွက် သားစဉ်မြေးဆက် အကျိုးရှိရုံသာမက နိုင်ငံ အတွက်ပါ အကျိုးဖြစ်ထွန်းစေနိုင်တဲ့အတွက် **ရော်ဘာစိုက်ပျိုး–ပြည့်အကျိုး၊ ဆတိုးဆောင်ရွက်–စီးပွားတက်** ဆိုတဲ့ ဆောင်ပုဒ်တစ်ခုကိုတောင်ရေးရတော့မှာ ဖြစ်ပါတယ်”

“ဟုတ်ကဲ့–နိုင်ငံတော်က ရော်ဘာ စိုက်ပျိုးရေးလုပ်ငန်းအတွက် အဘက်ဘက်က အားပေးနေကြောင်း ရှင်းပြတဲ့အတွက် ဝမ်းသာအားတက်မိပါတယ်။”

“တစ်လက်စတည်းပဲ ရော်ဘာနဲ့ပတ်သက်တဲ့ ဗဟုသုတတွေကို ဟောဒီက အထွေထွေမန်နေဂျာ ဦးမြလှိုင်နဲ့ထပ်ပြီး ဆွေးနွေးကြည့်ပါဦး”

“ဟုတ်ကဲ့–ရော်ဘာနဲ့ပတ်သက်တဲ့ ဗဟုသုတလေးတွေ မေးခွင့်ပြုပါ၊ ရော်ဘာကို ဘယ်နိုင်ငံက အများဆုံး စိုက်ပျိုးထုတ်လုပ်ပါသလဲ”

“မလေးရှားနိုင်ငံပါ။ ကမ္ဘာပေါ်မှာ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အမြင့်မားဆုံးနိုင်ငံလို့ သတ်မှတ်လို့ရပါတယ်။ မလေးရှားနိုင်ငံက စိုက်ဧက ၄ဒသမ၂ သန်းမှာ ထွက်နှုန်းကတော့ မက်ထရစ်တန်ပေါင်း ၁ဒသမ၈သန်း ထွက်ပါတယ်။ အင်ဒိုနီးရှားက စိုက်ဧကရှစ်သန်း စိုက်ပြီး ၁ဒသမ၅သန်း ထွက်ပါတယ်။ ထိုင်းနိုင်ငံမှာတော့ စိုက်ဧက ၄ဒသမ၈ သန်းစိုက်ပြီး ထွက်နှုန်းက ၁ဒသမ၁ သန်းထွက်ပါတယ်”

“ကမ္ဘာပေါ်မှာ ရော်ဘာနဲ့ ပြုလုပ်တဲ့ပစ္စည်းတွေ တွင်ကျယ်ပြီး ခေတ်စားနေတဲ့အတွက် ရော်ဘာလိုအပ်ချက် နှစ်စဉ် မြင့်တက်နေပါတယ်။ ရော်ဘာမထွက်တဲ့ တိုင်းပြည်တွေမှာ ရော်ဘာလိုအပ်ချက်များပြားပြီး လိုသလောက်လဲမရ၊ ဈေးကမြင့်တက်နေတာမို့ ရော်ဘာတုတွေကိုတောင် တီထွင်အသုံးပြုလာကြပါတယ်။ အဲဒီနိုင်ငံတွေကတော့ အမေရိကန်၊ ရုရှား၊ ဂျပန်၊ ပြင်သစ်နဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွေပါ။ စက်မှုဖွံ့ဖြိုးတဲ့ နိုင်ငံကြီးတွေပါ”

“ကမ္ဘာပေါ်မှာ လူကြိုက်များနေတဲ့ ရော်ဘာအစစ်ကိုတော့ မြန်မာနိုင်ငံအပါအဝင် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ အိန္ဒိယနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာပဲ စိုက်ပျိုးဖြစ်ထွန်းနိုင်ပါတယ်”

“ကမ္ဘာ့ရော်ဘာစိုက်ပျိုးမှု စုစုပေါင်း ၇၃ရာခိုင်နှုန်းကို မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှားနိုင်ငံတွေမှာ စိုက်ပျိုးကြပြီး ထွက်နှုန်း ၇၃ ရာခိုင်နှုန်းကိုလဲ အဲဒီသုံးနိုင်ငံကပဲ စံချိန်တင်ထားပါတယ်”

“အဲဒီ အရှေ့တောင်အာရှ အာဆီယံ အဖွဲ့ဝင်သုံးနိုင်ငံမှာ ဆက်လက်တိုးချဲ့စိုက်ပျိုးဖို့ မြေအခက်အခဲရှိလာပါပြီ။ ဒါကြောင့် **ပူအိုက်စွတ်စိုတဲ့ ရာသီဥတုနဲ့ မြေအစိုဓာတ်ကိုကြိုက်တဲ့ ရော်ဘာပင်တွေကို မြန်မာနိုင်ငံမှာ အလျှံပယ်ရှိနေတဲ့ မြေလွတ်မြေရိုင်းတွေကို ခုတ်ထွင်ရှင်းလင်းပြီး တိုးချဲ့စိုက်ပျိုးမယ်ဆိုရင် မြန်မာနိုင်ငံအနေနဲ့ ရော်ဘာအဓိက စိုက်ပျိုးထုတ်လုပ်တဲ့ နိုင်ငံဖြစ်လာမှာပါ။ နိုင်ငံအကျိုးသာမက မိမိအတွက် အကျိုးအမြတ်သေချာတဲ့ လုပ်ငန်းဖြစ်လို့ လူတိုင်းလုပ်သင့်တဲ့ စီးပွားဖြစ်လုပ်ငန်းတစ်ခုလို့ တိုက်တွန်းချင်ပါတယ်”**

“ဟုတ်ပါတယ် ၊ ဆီအုန်းက ပြည်တွင်းစားသုံးမှု ဖူလုံစေဖို့၊ ရော်ဘာကတော့ နိုင်ငံခြားငွေရှာဖွေဖို့ အကောင်းဆုံး စီးပွားရေးလုပ်ငန်းတွေ ဖြစ်တယ်ဆိုတာ ကျွန်တော်နားလည် သဘောပေါက်ပါပြီ။ နောက်ထပ် ဗဟုသုတလေးတွေ ဆက်ပြောပြပါဦး”

“မြန်မာ့ရေမြေရာသီဥတုဟာ ရော်ဘာစိုက်ပျိုးဖို့ အလွန်ကိုက်ညီတဲ့ ရေမြေရာသီဥတု ဖြစ်ပါတယ်။ တစ်ပြည်လုံး အတိုင်းအတာနဲ့ ကြည့်ရင် မကွေးတိုင်း၊ မန္တလေးတိုင်းနဲ့ စစ်ကိုင်းတိုင်းရဲ့ အချို့နေရာဒေသတွေကလွဲပြီး တစ်ပြည်လုံးနီးပါး ရော်ဘာစိုက်လို့ရပါတယ်။ ချင်းပြည်နယ်လို အေးတဲ့ဒေသမှာ အအေးခံရော်ဘာ သုတေသနပြုစိုက်ပျိုးဖို့ စီစဉ်နေပါပြီ။ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်မှာလဲ ရော်ဘာစိုက်တာ အောင်မြင်ပါတယ်”

“နောက်ပြီး ရော်ဘာပင်ဟာ နှစ် ၃၀ ကြာ အသုံးပြုပြီးလို့ ရော်ဘာစေးမထွက်တော့ရင်လဲ အလဟဿ မဖြစ်ပါဘူး။ ရော်ဘာသစ်ခွဲသားအဖြစ် ဆက်လက်အကျိုးပြုနေဦးမှာ ဖြစ်ပါတယ်။ ရော်ဘာသစ်ခွဲသားနဲ့ ခေတ်မီပရိဘောဂတွေ လုပ်လို့ရတယ်။ ရော်ဘာပရိဘောဂကို လူကြိုက်များပြီး ခေတ်စားနေတယ်။ ရော်ဘာပင်အိုတစ်ဧကကို သစ်ခွဲသားအဖြစ် ခုတ်ရောင်းမယ်ဆိုရင် ခြောက်တန်ကနေ ခုနစ်တန်အထိထွက်ရှိပြီး နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁၅၀၀မှ၁၆၀၀အထိ ထပ်မံရရှိနိုင်ပါတယ်။ ရော်ဘာရွက်တွေကိုလည်း ပန်းအလှဆင်တဲ့ လုပ်ငန်းတွေမှာ ပွင့်ချပ်ပွင့်ဖတ်တွေအဖြစ် လုပ်ပြီးရောင်းချနိုင်ပါသေးတယ်။ ရော်ဘာရွက်ကို ဓာတုဗေဒဆေးရည်စိမ်ပြီး ပြုပြင်ဖန်တီးထားတာပါ”

ကိုယ်တိုင် ရော်ဘာစိုက်ပျိုးထုတ်လုပ်နေသော အစ်မကြီး ဒေါ်အေးမိမိစိုးနှင့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ တာဝန်ရှိသူများ၊ ပညာရှင်များထံမှ သိရှိရသော ရော်ဘာအကြောင်း သိကောင်းစရာများမှာ ကျွန်တော့်အတွက် များစွာအကျိုးရှိလှပါသည်။ ကမ္ဘာ့ဈေးကွက်၌ လိုအပ်ချက် နှစ်စဉ်တိုးမြင့်နေခြင်း၊ ဈေးကျရန်မရှိဘဲ ဈေးကောင်းရရှိနိုင်ခြင်း၊ ပြည်ပပို့ကုန်အဖြစ် နိုင်ငံခြားဝင်ငွေရရှိနိုင်ခြင်း၊ ကာလတစ်ရပ်၌ ငွေကြေးပမာဏသင့်တင့်စွာ စိုက်ထုတ်ရုံဖြင့် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေခြင်း၊ နိုင်ငံတော်က အဘက်ဘက်မှ ကူညီအားပေးနေခြင်း၊ မြန်မာ့ရေမြေ၊ တောတောင် ရာသီဥတုနှင့်ကိုက်ညီပြီး ဒေသအနှံ့အပြား၌ စိုက်ပျိုးရှင်သန်ဖြစ်ထွန်းခြင်း စသည့် ရေခံမြေခံအခြေခံကောင်းများရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။

သို့ဖြစ်ရာ ရေရှည်စီးပွားဖြစ်ရန် သေချာပေါက် အလားအလာကောင်းများနှင့် ပြည့်စုံနေသည့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းထဲသို့ ကျွန်တော် ခြေစုံပစ်ဝင်ရောက်ခဲ့ပြီဖြစ်သည့်အကြောင်းကို **စီးပွားရေးတွက်ခြေကိုက်ဖို့ ရော်ဘာစိုက်တော့မယ်ဗျို့**ဟု ကြေညာမောင်း ခတ်လိုက်ရပါသည်။

**(ကျွန်တော့်လို ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းကို စိတ်ပါဝင်စားသူများအား ဆရာစားမချန်ဘဲ မြေနေရာရရှိရေး ညွှန်ပြပေးလိုက်ပါဦးမည်။ ရော်ဘာစိုက်ပျိုးရန် မြေနေရာရရှိရေးအတွက် တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ထံ ဆက်သွယ်စုံစမ်းမေးမြန်းတောင်းခံနိုင်ကြောင်းသိရပါသည်။ ဧရာဝတီတိုင်းတွင် မြေဧက ၅၀၀၀၀ကျော် ဖော်ထုတ်စိုက်ပျိုးနိုင်သည်ဟု သတင်းရရှိပါကြောင်း ထပ်လောင်းဖော်ပြလိုက်ပါသည်။)**

## သက်တမ်း ၃၀ ရော်ဘာပင်

အနှစ် ၃၀ နီးပါးသက်တမ်းရှိလာသည့် ရော်ဘာပင်များကလည်း ရော်ဘာစေးများ ထွက်ပြီး ဆက်လက်အကျိုးပြုနေဆဲပင်။ ဓာတ်ပုံ-အာကာ(ပါရမီ)

# ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေမည့် နှစ်ရှည်ပင် မြန်မာ့ရော်ဘာ



သက်တမ်းရင့်ရော်ဘာပင်များမှ ရော်ဘာစေးများကို အပေါ်ပိုင်းမှ ထုတ်ယူရရှိနိုင်သဖြင့် လှေကားဖြင့် ရော်ဘာစေးကို ဤသို့ ခြစ်ယူရသည်။ ဓာတ်ပုံ-အာကာ(ပါရမီ)



## ရော်ဘာစိုက်ပျိုး ပြည့်အကျိုး၊ ဆတိုးဆောင်ရွက် စီးပွားတက်



ရော်ဘာရွက်ကို ဓာတုဗေဒဆေးရည်စိမ်၍ လိုချင်သည့် အရောင်များဆိုးကာ အလှဆင်ပန်းများ၏ ပွင့်ဖတ်များအသွင်ဖြင့် အလှဆင်ပန်းခြင်းဈေးကွက်တွင် ရော်ဘာရွက်တို့က နေရာယူလာကြပြီဖြစ်သည်။ ဓာတ်ပုံ-အာကာ(ပါရမီ)



၁၀နှစ်နီးပါး သက်တမ်း ရှိသည့် ရော်ဘာပင် များ ကလည်း ဤသို့ ရှင်သန် ကြီးထွားနေသည်ကို တွေ့ရသည်။ ဓာတ်ပုံ-အာကာ(ပါရမီ)



## သက်တမ်း၃၀ ရော်ဘာစေး

နှစ် ၃၀ နီးပါး သက်တမ်း ရင့်နေပြီဖြစ်သော ရော်ဘာပင်မှ ရော်ဘာစေးများလည်း ယခုတိုင်ထွက်နေသည်ကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံ-အာကာ(ပါရမီ)

## လေးလသား ရော်ဘာပင်

သက်တမ်း လေးလကျော်သာ ရှိသေးသော်လည်း ရော်ဘာပျိုးပင်တို့၏ ရှင်သန်ကြီးထွားမှုမှာ အားရစရာကောင်းလှသည်။ ဓာတ်ပုံ-အာကာ(ပါရမီ)



# မြန်မာနိုင်ငံက အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများနှင့် အစဉ်အလာချစ်ကြည်ရင်းနှီးမှု တိုးတက်အောင် ဆောင်ရွက်လျက်ရှိ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဦးဆောင်မှုဖြင့် နိုင်ငံဖွံ့ဖြိုးအောင် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်

**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း**

# မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူများ၏လူမှုဘဝ တိုးတက်ဖြစ်ထွန်းမှုများတွေ့ရ၍ ဝမ်းမြောက် မြန်မာ-လာအိုဆက်သွယ်ပေးမည့် မဲခေါင်မြစ်ကူးတံတားဆောက်လုပ်ရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည်

**လာအိုဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်**

ရန်ကုန် ဒီဇင်ဘာ ၁

**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုဝင်ဘာ ၂၇ရက် မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် ဗီယင်ကျန်းမြို့ရှိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံးသို့သွားရောက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်အား တွေ့ဆုံနှုတ်ဆက်သည်။**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်အား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

### အဆင့်မြင့်အရာရှိကြီးများတက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦး၊ ဝန်ကြီးချုပ်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဖုန်ဆာဝပ်ဘို့ဖာ၊ ဝန်ကြီးချုပ်ရုံးအကြီးအကဲ ဒေါက်တာဖန်ခမ်ဗီဖာဝပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်သာဗီဘို ဒီဆိန်းနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်က မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူများ၏ စားဝတ်နေရေး၊ လူမှုဘဝတိုးတက်ဖြစ်ထွန်းနေမှုများကိုတွေ့ရှိနေရ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရကြောင်း။

### အောင်မြင်စွာဆောင်ရွက်သွားနိုင်မည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ချမှတ်ထားသည့် Road Map (၇)ဆင့်၏ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကို အောင်မြင်စွာ ကျင်းပလျက်ရှိသည်ဟုသိရှိရကြောင်း၊ ဆက်လက်၍ ကျန်အဆင့်များကို အောင်မြင်စွာဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း။

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ တက်ရောက်ရန် ဖိတ်ကြားချက်ကို ရရှိပြီးဖြစ်ရာ အဆိုပါ ညီလာခံကြီးသို့ တက်ရောက်ရခြင်းအတွက် မိမိအနေဖြင့် အလွန်ဂုဏ်ယူဝမ်းမြောက်ကြောင်း။

### နှစ်နိုင်ငံပူးပေါင်းသွားမည်

မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံကိုဆက်သွယ်ပေးမည့် မဲခေါင်မြစ်ကူးတံတားဆောက်လုပ်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့်လည်းကောင်း၊ ဒေသတွင်းနိုင်ငံများနှင့်လည်းကောင်း အစဉ်အလာ ချစ်ကြည်ရင်းနှီးမှုကို တိုးတက်ခိုင်မြဲအောင် ဆောင်ရွက်လျက်ရှိကြောင်း။

### ပိုမိုတိုးတက်အောင်လုပ်ဆောင်မည်

မကြာသေးမီကာလက မြန်မာနိုင်ငံအစိုးရအဖွဲ့အတွင်း လူပုဂ္ဂိုလ်ပြောင်းလဲမှု အနည်းငယ်ပြုလုပ်ခဲ့ရသော်လည်း မူဝါဒပြောင်းလဲမှုတစ်စုံတစ်ရာမရှိဘဲ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နေကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ပိုမိုတိုးတက်ဖြစ်ထွန်းအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း။

မဲခေါင်မြစ်ကူးတံတားတည်ဆောက်ရေးနှင့် ပတ်သက်၍ မိမိတို့အင်ဂျင်နီယာများ၏ တည်ဆောက်ရေး အတွေ့အကြုံနှင့်အတတ်ပညာကို အကူအညီပေးခြင်းဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်အား အမှတ်တရ လက်ဆောင်ပေးအပ်သည်။ **(သတင်းစဉ်)**



**အမှတ်တရ လက်ဆောင်ပေးအပ်**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်အား အမှတ်တရ လက်ဆောင်ပေးအပ်စဉ်။**

(သတင်းစဉ်)



### တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်တို့ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးစဉ်။

(သတင်းစဉ်)

### အမှတ်တရလက်ဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်အား အမှတ်တရလက်ဆောင်ပေးအပ်စဉ်။

(သတင်းစဉ်)



# မြန်မာနိုင်ငံ၏ Road Map (၇)ရပ် ချောချောမောမောအောင်မြင်မည် ယုံကြည် မိမိတို့ပြည်တွင်းရေးကို မိမိတို့ကိုယ်တိုင်ဖန်တီးရမည်၊ နှစ်နိုင်ငံပူးပေါင်းသွားရန်ဆန္ဒရှိ

## ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်

# မြန်မာနိုင်ငံ၏ ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးများ နှစ်စဉ်တိုးတက်နေ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆောင်ရွက်နေမှုများ ရှင်းလင်းပြောကြား

## နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း

ရန်ကုန် ဒီဇင်ဘာ ၁

**လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုဝင်ဘာ ၂၇ ရက် ညနေ ၅ နာရီတွင် ဗီယင်ကျန်းမြို့ Villa Dongpasak ရှိ ဗီယက်နမ်အဆောင်၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်အား တွေ့ဆုံနှုတ်ဆက်သည်။**

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦး၊ ဝန်ကြီးချုပ်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်နှင့် အတူ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Huynh Anh Dzung၊ ဝန်ကြီးချုပ်၏ လက်ထောက်အရာရှိ Mr. Kieu Dinh Thu နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က မြန်မာနိုင်ငံက ချမှတ်အကောင်အထည်ဖော်လျက်ရှိသော Road Map (၇)ရပ် ချောချောမောမောအောင်မြင်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးတက်မြှင့်တင်သွားရမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများအတွင်း ဖွံ့ဖြိုးမှုနောက်ကျနေသေးသော မိမိတို့ လေးနိုင်ငံအနေဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားပြီး မိမိတို့ရှေ့မှ ဖွံ့ဖြိုးတိုးတက်နေသော အာဆီယံနိုင်ငံခြောက်နိုင်ငံကို အမီလိုက်ရန်လိုမည်ဖြစ်ကြောင်း။

### ပူးပေါင်းရန်ဆန္ဒရှိ

မိမိတို့၏ပြည်တွင်းရေးကို မိမိတို့ကိုယ်တိုင် ဖန်တီးရမည်ဖြစ်ပြီး ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း မိမိတို့၌တာဝန်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း ပြောကြားသည်။

### ဒီမိုကရေစီကူးပြောင်းရေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ကူးသန်းရောင်းဝယ်မှု တိုးတက်ဖြစ်ထွန်းမှုအခြေအနေ၊ မြန်မာနိုင်ငံအစိုးရအဖွဲ့အတွင်း ပြောင်းလဲမှုအနည်းငယ်ရှိသော်လည်း မူဝါဒမပြောင်းလဲဘဲ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေ၊ မြန်မာနိုင်ငံ၏တည်ငြိမ်အေးချမ်းမှု၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆောင်ရွက်မှု၊ နိုင်ငံတော်၏ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးများ နှစ်စဉ်တိုးတက်နေမှု၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်အား အမှတ်တရလက်ဆောင်ပေးအပ်သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတက်ရောက်ရန် ဗီယင်ကျန်းမြို့သို့ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပမည့် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ၊ ဆက်စပ်အစည်းအဝေးများနှင့် CLMV နိုင်ငံများ၏ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် နိုဝင်ဘာ ၂၇ရက် နံနက် ၉နာရီတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့သို့ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန်နံနက် ၁၁နာရီ မိနစ်၂၀တွင် ဗီယင်ကျန်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိသည်။**

### ခရီးဦးကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ လိုက်ပါလာသည့် အထူးလေယာဉ် ဗီယင်ကျန်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်သည်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံသံအမတ်ကြီး မစ္စတာချန်သာဗီဘိုဒီဆိန်းတို့က လေယာဉ်ပေါ်သို့ တက်ရောက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အား ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

### ကြိုဆိုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် လေယာဉ်ပေါ်မှ ဆင်းလာကြရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံး ဝန်ကြီး မစ္စတာဆွန်ဖုန်မွန်ကွန်ဗီလိုင်က ကြိုဆိုနှုတ်ဆက်သည်။

### ဂုဏ်ပြုပန်းစည်းပေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား လာအိုအမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ရန် လာအိုနိုင်ငံ၌ ကြိုတင်ရောက်ရှိနေသည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီးလှမြင့်၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ဗီယင်ကျန်းမြို့ Villa Dongpasak ရှိ မြန်မာအဆောင်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

**(သတင်းစဉ်)**



### ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဝန်ကြီးချုပ်ရုံး ဝန်ကြီး မစ္စတာ ဆွန်ဖုန်မွန်ကွန်ဗီလိုင်က ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအို၌ကိုးကွယ်ရန်လှူဒါန်းသည့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုတော်ပေးအပ်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လှူဒါန်းသော ကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုတော်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ချန်ပါဆတ်ပြည်နယ် ပါ့ဆေးမြို့ ဝပ်လွှန်သိမ်တော်ကြီး၌ ကိုးကွယ်ပူဇော်နိုင်ရန် ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို နိုဝင်ဘာ၂၈ရက် ညနေ၃နာရီတွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Wal Thepnimit ၌ ကျင်းပသည်။**

အဆိုပါအခမ်းအနားသို့ လာအိုနိုင်ငံသံဃာ့အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး Most. Venarable Dr. Maha Vichit Singharaj နှင့် ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး လာအိုအမျိုးသားတည်ဆောက်ရေးတပ်ဦးဥက္ကဋ္ဌ Mr. Sisavath Keobounphang၊ လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Vilayvanh Phomke၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်သာဗီဘိုဒီဆိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးနှင့်ဇနီး ဒေါ်သီတာဌေး၊ စစ်သံမှူး ဗိုလ်မှူးကြီးလှမြင့်နှင့်ဇနီး ဒေါ်သီဂီစိုး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့်မိသားစုများ၊ ဒေသခံများ တက်ရောက်ကြည်ညိုကြသည်။

### မီးထွန်းညှိပူဇော်

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် လာအိုအမျိုးသားတည်ဆောက်ရေးတပ်ဦးဥက္ကဋ္ဌတို့က ဖယောင်းတိုင်နှင့် နံ့သာတိုင်များကို မီးထွန်းညှိပူဇော်ပေးကြသည်။

ဆက်လက်၍ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကာ အခမ်းအနားကို ဖွင့်လှစ်ပြီး လာအိုနိုင်ငံ သံဃာ့အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းက ကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုတော် လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး၏ ဖိတ်ကြားချက်အရ လာအိုနိုင်ငံသို့ ၂၀၀၃ခုနှစ်တွင် ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိခဲ့ပါကြောင်း။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လာအိုနိုင်ငံ ချန်ပါဆတ်ပြည်နယ် ပါ့ဆေးမြို့သို့လည်းရောက်ရှိခဲ့ပြီး ပါ့ဆေးမြို့ရှိ ဝပ်လွှန်သိမ်တော်ကြီး၌ ကိုးကွယ်ပူဇော်နိုင်ရန် ဤကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို လှူဒါန်းစေခဲ့ခြင်းဖြစ်ပါကြောင်း။

### ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ၌ မကြာမီကျင်းပတော့မည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံ၏ ဇာတိနယ်မြေရှိ ဝပ်လွှန်သိမ်တော်ကြီး၌ လာအိုပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက်လည်းကောင်း ယခုကဲ့သို့ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုတော်ကိုပေးအပ်လှူဒါန်းရခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ လာအိုအမျိုးသားတည်ဆောက်ရေးတပ်ဦး ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လှူဒါန်းသည့် ကျောက်စိမ်း ဗုဒ္ဓဆင်းတုတော်နှင့် စပ်လျဉ်းသည်များကို ဝန်ကြီး ဦးဉာဏ်ဝင်းက လာအိုအမျိုးသားတည်ဆောက်ရေးတပ်ဦးဥက္ကဋ္ဌ Mr. Sisavath Keobounphang ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အဖွဲ့ဝင်များသည် လာအိုနိုင်ငံ သံဃာ့အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဝန်ကြီးဦးဉာဏ်ဝင်း၊ လာအိုအမျိုးသား တည်ဆောက်ရေးတပ်ဦးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ဖူးမြော်ကြည်ညိုကြသည်။

**(သတင်းစဉ်)**



**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပါ့ဆေးမြို့ ဝပ်လွှန်သိမ်တော်ကြီး၌ကိုးကွယ်ပူဇော်နိုင်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လှူဒါန်းသော ကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ဖူးတွေ့ရစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အာဆီယံစီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုနေ့လယ်စာစားပွဲတက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၁

**ASEAN Business and Investment Lunch ကို နိုဝင်ဘာ၂၈ရက် မွန်းလွဲ၁၂နာရီခွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Lao Plaza Hotel, Grand Ballroom ၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်သည်။**

အဆိုပါ နေ့လယ်စာစားပွဲသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆီရီအဗ္ဗဒူလာဘင်ဟာဂျီအာမက်ဘာဒါဝီ၊ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်၊ မြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ စီးပွားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆိုင်ရာ နိုင်ငံခြားသံရုံးများမှသံအမတ်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

### ဆုတောင်းပတ္တနာပြု

အခမ်းအနားတွင်လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်က ဗီယင်ကျန်းမြို့ Lao Plaza Hotel ၌ ASEAN Business and Investment Summit ကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် ကျေးဇူးတင်စကားပြောကြားပြီး နေ့လယ်စာစားပွဲသို့ တက်ရောက်လာကြသူများနှင့် အတူ ဆုတောင်းပတ္တနာပြုသည်။

ယင်းနောက် အာဆီယံနိုင်ငံများမှ ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များသည် နေ့လယ်စာအတူတကွ သုံးဆောင်ကြသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ASEAN Business and Investment Summit Lunch သို့ တက်ရောက်စဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံဆရာဝန်အသင်း၌ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁**

၂၀၀၄ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် “Seminar on Women, Girls, HIV and AIDS” အခမ်းအနားကို ဒီဇင်ဘာ ၄ရက် (စနေနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကမ္ဘောဒီးယား၊လာအို၊မြန်မာ၊ဗီယက်နမ် ထိပ်သီးအစည်းအဝေးတက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၁

**ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်(CLMV)ထိပ်သီးအစည်းအဝေးကို လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ International Cooperation and Training Center (ICTC)၌ နိုဝင်ဘာ ၂၈ ရက် နံနက် ၈ နာရီခွဲတွင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ပြီး ဗီယင်ကျန်းကြေညာချက်ကို လက်မှတ်ရေးထိုးသည်။**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးချုပ်များသည် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ICTCသို့ ရောက်ရှိလာကြရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်က ကြိုဆိုနှုတ်ဆက်သည်။

ထိပ်သီးအစည်းအဝေး မစတင်မီ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ဝန်ကြီးချုပ်များသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

## ထိပ်သီးအစည်းအဝေး

ထို့နောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ထိပ်သီးအစည်းအဝေးကို International Cooperation and Training Center, Room A၌ ကျင်းပသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆွန်ဆာဗက် လန်ဆာဗတ်နှင့် ဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူနှင့် အဆင့်မြင့် အရာရှိကြီးများ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ စီးပွားရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ် Mr.Ong Keng Yongနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များတက်ရောက်ကြသည်။

## အဖွင့်အမှာစကားပြောကြား

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ထိပ်သီးအစည်းအဝေးတွင် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ထိပ်သီးအစည်းအဝေး အစီအစဉ်များကို ဆက်လက်ကျင်းပရာ နံနက်၁၀ နာရီ၄၅မိနစ်တွင် ထိပ်သီးအစည်းအဝေး ကျင်းပပြီးစီးသည်။

ထိပ်သီးအစည်းအဝေး အပြီးတွင် Vientiane Declaration on Enhancing Economic Cooperation and Integration among CLMV လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို International Cooperation and Training center, Room B၌ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်တို့က ဗီယင်ကျန်း ကြေညာချက်ကို လက်မှတ်ရေးထိုးကြသည်။

**(သတင်းစဉ်)**




**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်တို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ထိပ်သီးအစည်းအဝေးတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်တို့ ရင်းရင်းနှီးနှီးတွေ့ဆုံ ဆွေးနွေးကြစဉ်။** (သတင်းစဉ်)



# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကမ္ဘောဒီးယားဝန်ကြီးချုပ်အား တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဒီဇင်ဘာ ၁

**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုဝင်ဘာ ၂၈ရက် ညနေ ၅ နာရီတွင် ဗီယင်ကျန်းမြို့ Villa Dongpasak ရှိ Friendship House အခန်းအမှတ် B-1 ၌ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်အား တွေ့ဆုံနှုတ်ဆက်သည်။**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးဦးတင်ဦး၊ ဝန်ကြီးချုပ်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်နှင့်အတူ ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး မစ္စတာဟော်နမ်ဟောင်၊ ကုန်သွယ်ရေးဝန်ကြီးမစ္စတာချမ်ပရာဆစ်နှင့် အဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်က မြန်မာနိုင်ငံ၏အခြေအနေများကို နားလည်စာနာသဘောပေါက်ကြောင်းနှင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်ကိစ္စများကို ဆွေးနွေးသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်အား တွေ့ဆုံနှုတ်ဆက် နှစ်နိုင်ငံအကျိုးတူကိစ္စများရင်းနှီးပွင့်လင်းစွာဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၁

**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် နိုဝင်ဘာ ၂၈ ရက် ညနေ ၆ နာရီ ၂၅ မိနစ်တွင် ဗီယင်ကျန်းမြို့ Villa Dongpasak ရှိ စင်ကာပူအဆောင်၌ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်းအား တွေ့ဆုံနှုတ်ဆက်သည်။**

**တွေ့ဆုံပွဲတက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦး၊ ဝန်ကြီးချုပ်ရုံးနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျော့ယိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Mr. Peter Ho၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး Amb Karen Tan နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်းတို့သည် နှစ်နိုင်ငံအကျိုးတူကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်းအား တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်လျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက နိုဝင်ဘာ ၂၇ ရက်က ဗီယင်ကျန်းမြို့ Villa Dongpasak ရှိ မြန်မာအဆောင်သို့ လာရောက်တွေ့ဆုံ ဂါရဝပြုကြစဉ်။ (သတင်းစဉ်)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား လာအိုနိုင်ငံ၌ရောက်ရှိနေသည့် စီးပွားရေးလုပ်ငန်းရှင်များက ဂါရဝပြုတွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပသည့် အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲသို့တက်ရောက်လျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌဦးဝင်းအောင်၊ ဦးဌေးမြင့်နှင့် အသင်းချုပ် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များက နိုဝင်ဘာ၂၇ ရက် ညနေ ၃ နာရီမိနစ်၂၀ တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Villa Dongpasak ရှိ မြန်မာအဆောင်သို့ လာရောက် ဂါရဝပြုတွေ့ဆုံသည်။**

**အတွေ့အကြုံများရရှိခဲ့**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များသည် ၂၀၀၃ခုနှစ် အောက်တိုဘာလတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီ၌ ကျင်းပခဲ့သည့် နဝမအကြိမ် အာဆီယံထိပ်သီးညီလာခံနှင့် ဆက်စပ်ကျင်းပသည့် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အစည်းအဝေး အတွေ့အကြုံများကို ရရှိခဲ့ကြပြီးဖြစ်ကြောင်း။

ယခု ဒုတိယအတွေ့အကြုံအဖြစ် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံနှင့်ဆက်စပ်ကျင်းပသည့်စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲသို့တက်ရောက်လျက်ရှိသဖြင့်အတွေ့အကြုံနှင့် နိုင်ငံတကာအမြင်များ ပိုမိုရရှိလာကြမည်ဖြစ်ကြောင်း။

**ရည်ရွယ်လုပ်ဆောင်**

နိုင်ငံတော်အနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းများ နည်းလမ်းတကျ တိုးတက်စေရေး၊ ပုဂ္ဂလိက အခန်းကဏ္ဍ မြင့်မားဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အစဉ်အမြဲ အားပေး ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏ စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံတော်၏စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်လာစေရေးအတွက် တက်ညီလက်ညီ ပေါင်းစည်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့မှတစ်ဆင့် မိမိတို့၏ အတွေးအခေါ်များကို ဆန့်ထုတ်၍ ဒေသတွင်းနိုင်ငံများနှင့် ကုန်ကူးသန်းရောင်းဝယ်ရေးသာမက ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်လုပ်မှု တိုးတက်ဖြစ်ထွန်းရေးကိုပါ ရည်ရွယ်ချက်ထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် စီးပွားရေးလုပ်ငန်းရှင်များက စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ နိုင်ငံတကာအတွေ့အကြုံရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

# စီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဦးစိုးသာ အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးတက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၁

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် နိုဝင်ဘာ ၂၆ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Lao Plaza Hotel ၌ကျင်းပသည့် အာဆီယံစီးပွားရေးဝန်ကြီးများ၏ လုပ်ငန်းသဘော ညစာစားပွဲသို့ တက်ရောက်သည်။

ဝန်ကြီးဦးစိုးသာသည် နိုဝင်ဘာ၂၇ရက် မွန်းလွဲ၂နာရီခွဲတွင် Lao Plaza Hotel ၌ကျင်းပသည့် အာဆီယံစီးပွားရေးဝန်ကြီးများ၏ အစည်းအဝေးသို့ တက်ရောက်သည်။

**(သတင်းစဉ်)**

**ဒီဇင်ဘာ ၁ ရက်က ၂၀၀၄ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာသူများ အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)**



# နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းအား ကုလသမဂ္ဂအထူးကိုယ်စားလှယ်တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဒီဇင်ဘာ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီ အစ္စမေးလ်သည် နိုဝင်ဘာ ၂၈ ရက် ညနေ ၄ နာရီ ၁၅မိနစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Villa Dongpasak ရှိ မြန်မာအဆောင်သို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီးဦးတင်ဦးနှင့်နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုဝန်ကြီးချုပ် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် နိုဝင်ဘာ ၂၇ ရက် ညပိုင်းတွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ Lao Plaza Hotel ၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်က ကမ္ဘောဒီးယား၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။**

### ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင် တို့သည် ဂုဏ်ပြုညစာစားပွဲကျင်းပမည့် Lao Plaza Hotelသို့ ည ၇နာရီခွဲတွင် ရောက်ရှိလာကြရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်က ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် များသည် သီးသန့်ခန်းမ၌ ရင်းနှီးခင်မင်စွာ တွေ့ဆုံ၍ နှုတ်ဆက်စကား ပြောကြားကြသည်။

### ဆုတောင်းပတ္ထနာပြု

ယင်းနောက် ည ၈နာရီတွင် Lao Plaza Hotel,Grand Ballroom ၌ ဂုဏ်ပြုညစာစားပွဲကိုကျင်းပရာ ရှေးဦးစွာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဧည့်သည်တော် ဝန်ကြီးချုပ်များနှင့်အတူ ဆုတောင်းပတ္ထနာပြုသည်။

ထို့နောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ဝန်ကြီးချုပ်များ ဧည့်သည်တော်များသည် ညစာကို အတူတကွသုံးဆောင်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ် လာအိုရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များက ရိုးရာဂီတများဖြင့် ဖျော်ဖြေ ကြသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ စီးပွားရေးဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် Mr.Ong Keng Yongနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ဂုဏ်ပြုညစာစားပွဲ တက်ရောက်

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း နိုဝင်ဘာ ၂၇ ရက် ညပိုင်းတွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ Lao Plaza Hotel၌ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။** (သတင်းစဉ်)



# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အာဆီယံနိုင်ငံအကြီးအကဲများ ညစာစားပွဲတက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၁

**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုဝင်ဘာ ၂၈ ရက် ည ၈ နာရီတွင် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Lao Plaza Hotel ၌ ကျင်းပသည့် အာဆီယံ နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၏ လုပ်ငန်းသဘော ညစာစားပွဲသို့ တက်ရောက်သည်။**

### ညစာစားပွဲတက်ရောက်

အဆိုပါ ညစာစားပွဲသို့ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင်ဆူလ်တန်ဟာ ဂျီ ဟာဆနာလ် ဘိုလ်ကီးယား မူအစ် ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆူဆီလို ဘန်းဘန်းယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတ နိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာဘင် ဟာဂျီ အာမက်ဘာဒါဝီ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စစ်ဂလိုရီယာ မာဂါပါဂလ်အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်းလွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီး မစ္စတာ ဆွန်ဆာဗက်လန်ဆာဗတ်၊ မြန်မာနိုင်ငံအမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ် Mr.Ong Keng Yong တို့ တက်ရောက်ကြသည်။

### နှုတ်ခွန်းဆက်စကားပြောကြား

လုပ်ငန်းသဘော ညစာစားပွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်က နှုတ်ခွန်းဆက်စကား ပြောကြား သည်။

ထို့နောက် အာဆီယံနိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများသည် ညစာအတူသုံးဆောင်ကြပြီး လုပ်ငန်းသဘော ရင်းရင်းနှီးနှီး ဆွေးနွေးညှိနှိုင်းကြသည်။

**(သတင်းစဉ်)**

# အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီး ဦးစိုးသာ MoUနှင့် သဘောတူစာချုပ်များ လက်မှတ်ရေးထိုး

**ရန်ကုန် ဒီဇင်ဘာ ၁**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် နိုဝင်ဘာ ၂၈ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံ ဗီယင်ကျန်းမြို့ Lao Plaza Hotel၌ ကျင်းပသည့် အာဆီယံစီးပွားရေး ဝန်ကြီးများ အစည်းအဝေးအပြီး ကျင်းပသည့် စာချုပ်လက်မှတ်ရေးထိုး ပွဲအခမ်းအနားသို့ တက်ရောက်ပြီး Memorandum of Understanding on the Joint Cooperation in Pushing Forward the Construction of the Information Highway in the Greater Mekong Subregion နှင့် The Protocol to Implement the Fourth Package of Commitments Under the ASEAN Framework Agreement on Service တို့ကို ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ **(သတင်းစဉ်)**

# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းသည် နိုဝင်ဘာ ၂၆ ရက် ညနေ၄နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့နှင့်အတူ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Lao International Trade Exhibition & Convention Center (Lao-ITECC)အဆောက်အအုံ၌နိုင်ငံတကာ သတင်းဌာနများမှ သတင်းထောက် ၈၀ကျော်အား တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်ဖြစ်ထွန်းနေမှုများကို ရှင်းလင်းပြောကြားသည်။

### အစည်းအဝေးတက်ရောက်

ဝန်ကြီး ဦးညဏ်ဝင်းသည် နိုဝင်ဘာ ၂၇ရက် နံနက် ၈ နာရီခွဲတွင် ဗီယင်ကျန်းမြို့ International Co-operation and Training Center (ICTC) ၌ ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်သည်။

ထို့ပြင် ဝန်ကြီးဦးညဏ်ဝင်းသည် အာဆီယံ+၃ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ-တရုတ်၊ အာဆီယံ-ဂျပန်၊ အာဆီယံ-ကိုရီးယား၊ အာဆီယံ-အိန္ဒိယ နိုင်ငံခြားရေး ဝန်ကြီးများ ဆွေးနွေးပွဲများသို့လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

# အောင်ဘာလေဆုကြီးများ

**ရန်ကုန် ဒီဇင်ဘာ ၁**

(၁၉၁)ကြိမ်မြောက် ကျပ် ၅၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ဒီဇင်ဘာ ၁ရက်နေ့တွင် ထွက်ပေါ်လာသည့် ဆုကြီးများစာရင်းမှာ အောက်ပါ အတိုင်း ဖြစ်သည်။

**ကျပ်သိန်း၃၀၀အထူးဆု**

မ-၆၀၀၁၈၄

**ကျပ်သိန်း၅၀ဆုများ**

ယ-၃၀၇၂၂၁ ပ-၆၉၄၁၀၇
ပ-၁၉၀၅၅၆ စ-၇၁၈၀၈၅
ဠ-၉၈၄၄၉၅ ဍ-၄၈၄၇၇၄
ဘ-၄၅၁၀၂၁ ဓ-၅၉၇၈၁၅
တ-၈၃၉၅၄၅ ပ-၅၆၄၆၁၄
ခ-၁၆၂၀၁၄ ဃ-၃၃၀၈၁၃
ဂ-၇၂၀၃၉၅ က-၅၈၅၄၂၈
ဂ-၃၃၇၈၀၃ ကဂ-၂၅၉၁၃၄
ဍ-၉၈၀၁၁၀ ခ-၅၃၇၆၇၀
သ-၄၅၃၉၂၁ ဘ-၄၉၀၆၂၂

**ကျပ်သိန်း၅၀(မင်္ဂလာစုံတွဲ)ဆုများ**

ခ-၄၉၆၈၃၂ ဌ-၈၉၈၂၂၅
ဓ-၉၂၄၁၅၂ ကက-၁၁၇၁၉၃
တ-၇၃၃၂၀၉ လ-၇၅၉၈၈၂
ည-၅၃၉၈၀၂ မ-၁၆၁၄၉၅
ခ-၆၃၈၆၂၉ ရ-၁၅၃၂၀၀

**ကျပ်၂၅သိန်းဆုများ**

ဠ-၁၉၈၃၃၃ ပ-၃၀၈၁၂၉
ဠ-၅၀၅၇၈၁ မ-၅၁၉၁၃၉
ပ-၂၃၆၂၁၃ ဈ-၁၉၀၃၄၂
ဓ-၈၈၅၈၉၀ ရ-၅၇၃၂၆၄
ဗ-၆၁၂၉၆၃ ထ-၉၉၇၅၉၁
ခ-၄၉၈၆၇၆ **(သတင်းစဉ်)**

**တိမ်ဖြစ်ထွန်း**

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
## အင်ဂျင်နီယာသင်တန်းသားများ
## အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၁၆)နှစ်အောက်မငယ်ရ၊ (၁၉)နှစ်ထက်မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဘူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် ၂၉-၁၁-၂၀၀၄ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၇-၁-၂၀၀၅ ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း) နှင့်(၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံကို ပူးတွဲ တင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်း အတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် (၉) နာရီ မှ (၁၁) နာရီထိ။

(ခ) **သင်္ချာ** ။ မွန်းလွဲ (၁) နာရီ မှ (၃) နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ (၁၀)ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို **တောင်ကြီးမြို့** တွင် လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေး ခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်း စစ်စာမေးပွဲအောင်စာရင်းနှင့် သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် (၁-၂-၂၀၀၅) မှ(၄-၂-၂၀၀၅) ရက်နေ့များအတွင်းမေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၄၅၀၀ိ/-) ဒုတိယနှစ်(၅၀၀၀ိ/-)ရရှိမည်။ သင်တန်း အောင်မြင် ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့် စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည် များ **အဆင့်အတန်းတိုးမြှင့်ရေး စည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များ သို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ်ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ် ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့် အခါလျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ်တာဝန်ထမ်းဆောင် ရမည်။



## မကွေးတိုင်း စည်ပင်သာယာညွှန်ကြားရေးမှူး ကျေးရွာချင်းဆက် ကျောက်ချောလမ်းများစစ်ဆေး

**မင်းလှ နိုဝင်ဘာ ၂၅**

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့်အဖွဲ့သည် နိုဝင်ဘာ၁၉ရက်က မင်းလှမြို့နယ် စစ္စနိုးရေနံမ-ကန်တုတ်လမ်းသို့ ရောက်ရှိပြီး စစ္စနိုးရွာနှင့် ဒီးဒုတ်ကန်ရွာအကြား ဆောင်ရွက်လျက်ရှိသော ကျောက်လမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက လမ်းခင်းမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။**(ဝဲပုံ)**

**မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဂရု-သမန္တော-ပဒတ္တိုင် ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်မှုကို နိုဝင်ဘာ ၁၉ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်စိုး ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။** (၁၆၇)

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ပုသိမ်-မုံရွာ လမ်းမပေါ်ရှိ လက်ပံတံခါး ကျေးရွာအဝင်လမ်း ကျောက်ချောလမ်းခင်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးကြသည်။ **(မြို့နယ် စည်ပင်)**

## ညောင်ဦး မြင်းကပါကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် အလှူရှင်များက စာကြည့်တိုက်သုံးပစ္စည်းနှင့် စာအုပ်များလှူဒါန်း

ညောင်ဦး နိုဝင်ဘာ ၂၆

**ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ကိုယ့်အားကိုယ်ကိုး 'အနုရာဓအေလင်း' စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ရက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ညောင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်စိုး၊ ကျေးရွာဥက္ကဋ္ဌ ဦးဝင်းတင်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဟန်စိုးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်းတို့ကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် အလှူရှင်များက စာကြည့်တိုက်အတွက် ဗီရိုသုံးလုံးနှင့် စားပွဲ၊ ကုလားထိုင်၊ လျှပ်စစ်ပစ္စည်းများ၊ သုတ၊ ရသ စာအုပ်မျိုးစုံ ၂၀၀၀ကျော်တို့ကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးဝင်းတင်က လက်ခံရယူကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

## ညောင်ရွှေ နန်းသီတာကျေးရွာ စာကြည့်တိုက်ဖွင့်

**ညောင်ရွှေ နိုဝင်ဘာ ၁၅**

ညောင်ရွှေမြို့နယ် နန်းသီတာကျေးရွာတွင် နိုဝင်ဘာ ၉ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲနှင့် ဟောပြောပွဲ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအကြောင်း သိကောင်းစရာများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးညွန့်ရွှေက ပြည်ထောင်စုစိတ်ဓာတ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားကြသည်။ **(မြို့နယ် ပြန်/ဆက်)**



## စလင်းမြို့ ပြည်သူများအတွက် သောက်သုံးရေ ရရှိရေး တူးဖော်ဆောင်ရွက်

**စလင်း နိုဝင်ဘာ ၂၅**

မကွေးတိုင်း စလင်းမြို့နယ် သစ်ခေါက်တောင်ကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာနေ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် အလှူရှင် ဒေါက်တာလှဖေ(ပါမောက္ခချုပ်၊ငြိမ်း)ဇနီး ဒေါ်ခင်ခင်ထွေး(ကထိက)တို့က လှူဒါန်းငွေကျပ်၅၀၀၀၀၀နှင့် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၄၇၈၀၀၀ဖြင့် တူးဖော်ဆောင်ရွက်ကြသော စက်ရေတွင်းသည် တစ်နာရီ ဂါလန် ၁၂၀၀ ကျော် ထွက်ရှိလျက်ရှိရာ နိုဝင်ဘာ ၂၀ရက်က စက်ရေတွင်း ရေရှည်ကြံ့ခိုင်အသုံးပြုနိုင်ရေးနှင့် စနစ်တကျ သုံးစွဲထိန်းသိမ်းရေးအတွက် အမှုဆောင်အရာရှိ ဦးစိုးဝင်းက ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**

## မြောင်းမြမြို့နယ်၌ စာကြည့်တိုက်များဖွင့်

**မြောင်းမြ နိုဝင်ဘာ ၂၈**

မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကြီးမှူး၍ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်လျက်ရှိရာ အောက်တိုဘာ ၄ရက်က ကျုံသွတ်ကျေးရွာအုပ်စုရှိ ကျေးရွာများဖြစ်သော ချောင်းလေးကျေးရွာတွင် ရွှေခတ္တာစာကြည့်တိုက်၊ ပေါက်တိန်းကျေးရွာတွင် ရွှေနှင်းဆီစာကြည့်တိုက်၊ ထိန်ပင်စု ကျေးရွာတွင် ရွှေမာလာစာကြည့်တိုက်၊ ညောင်ဝိုင်းလေးကျေးရွာတွင် ရွှေသဇင်စာကြည့်တိုက်၊ ဂုံညင်းတန်းကျေးရွာတွင် ရွှေစန္ဒာစာကြည့်တိုက်၊ လက်ခုတ်ကျေးရွာတွင် ရွှေရတနာစာကြည့်တိုက်၊ ဆားမလောက် ရွာသစ်ကျေးရွာတွင် ရွှေသဏ္ဌာစာကြည့်တိုက်တို့ကို မြို့နယ်ဦးစီးမှူး ဒေါ်ရီရီလွင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဟန်ဝင်းစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဦးစီးမှူး ဒေါ်ရီရီလွင်က စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင် ဦးသိန်းလွင်က လက်ခံရယူသည်။

**(ခရိုင် ပြန်/ဆက်)**



## ခေတ်ရှေ့ဆောင် စာကြည့်တိုက်ဖွင့်

**ပေါင် နိုဝင်ဘာ ၁၅**

ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ နိုဝင်ဘာ၄ရက်က ကဒိုင်ကျေးရွာ ခေတ်ရှေ့ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို စာကြည့်တိုက်ရှေ့တွင် ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးကျော်ပိန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်နှင့် ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးမှူး ဦးဝင်းငွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စာကြည့်တိုက်အတွက် မဂ္ဂဇင်း စာအုပ်မျိုးစုံ အုပ်ရေ၅၀ကို မြို့နယ်ဦးစီးမှူးက ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးကျော်ပိန်က လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**



## ဆင်းရတနာ စာကြည့်တိုက် ရွှေဘိုမြို့နယ်၌ဖွင့်

ရွှေဘို နိုဝင်ဘာ ၂၁

**ရွှေဘိုမြို့နယ် ဆင်းကွတ်အရှေ့ကျေးရွာ ဆင်းရတနာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၆ရက် နံနက်ရနာရီက ကန်ဦးကျောင်းတိုက်၌ ကျင်းပသည်။**

ရှေးဦးစွာ မြို့နယ်အတွင်းရေးမှူး ဦးအောင်မြင့်စိုးနှင့် စာကြည့်တိုက် အလှူရှင် ဦးတင်ကြူးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**စာအုပ်များလှူဒါန်း**

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးအုန်းသန်းက စာကြည့်တိုက်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာဥက္ကဋ္ဌက စာကြည့်တိုက်ဖြစ်မြောက်ရေး ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး ဆင်းရတနာစာကြည့်တိုက်သို့ စာအုပ်များ ပေးအပ်လှူဒါန်းကြသည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မဂ္ဂဇင်းမျိုးစုံ အုပ်ရေ၅၀၊ ဦးတင်ကြူးနှင့်သားများက စာအုပ်မျိုးစုံ ၁၉၀၊ ဦးဉာဏ်ချစ်၊ ဒေါ်ခင်မျိုးခိုင်(ရွှေသရဖူ)က ၄၄အုပ်၊ ဆင်းကွတ်ရွာလူမှုရေးအသင်းအဖွဲ့များနှင့် အခြားအလှူရှင်များက ၂၀၄အုပ် စုစုပေါင်း ၄၄၈အုပ် လှူဒါန်းခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**



မော်လမြိုင်ကျွန်းမြို့နယ် ရဲတပ်ဖွဲ့၏ ဒသမအကြိမ်မြောက် စုပေါင်းဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၂၄ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ဝင်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင် မိသားစုများက စုပေါင်း ပဒေသာပင်များဖြင့် မြို့တွင်းလှည့်လည်ကြစဉ်။ (ဝ၉၇)

# ကျောက်ပန်းတောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကြီးမှူး ဈေးသူဈေးသားများ စုပေါင်းဘုံကထိန်ကျင်းပ

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၀**

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြီးမှူးကျင်းပသော(၃၇)ကြိမ်မြောက် စည်ပင်သာယာဈေးတွင် ဈေးသူ ဈေးသားများ၏ စုပေါင်းဘုံကထိန်ပွဲကို နိုဝင်ဘာ ၁၉ ရက်က ဘူတာရပ်ကွက် သုဒ္ဓဝိပဿနာကျောင်းတိုက်တွင် ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်စည်ပင်သာယာဈေး ကြီးကြပ်ရေးရုံးရှေ့မှ ပဒေသာပင်များကို မြို့တွင်းသို့ မော်တော်ယာဉ်များဖြင့် တင်ဆောင်ကာ လှည့်လည်ကြပြီး သုဒ္ဓဝိပဿနာကျောင်းတိုက်သို့ ပို့ဆောင်ကြသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးငွေးဝင်း၊ ဒုတိယဦးစီးမှူး ဦးဝင်းမြတ်သိန်း (ဈေး)၊ ဈေးကြီးကြပ်ရေးမှူး ဦးမြင့်သန်းဦးနှင့် ဈေးကော်မတီအဖွဲ့ဝင်များ၊ ဈေးသူဈေးသားများသည် သုဒ္ဓဝိပဿနာကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသြဘာသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ကထိန်သင်္ကန်းနှင့် ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)** ထို့နောက်လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(ဝ၆၁)**

## ကာမိုင်းမြို့ အထက၌ စိစစ်ရေးကတ်ပေးအပ်

**ကာမိုင်း နိုဝင်ဘာ ၁၃**

ကချင်ပြည်နယ် ကာမိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ နိုင်ငံသားအရည်အချင်း ပြည့်မီသည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲကို အောက်တိုဘာ ၁၅ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးမှူး ဦးကြည်ထွေးက ၂၀၀၅ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၁၇၂ဦးတို့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဝင်းထံ ပေးအပ်ကြသည်။ **(၄၁၆)**




အမှတ် ၃၅/ဃ ပြည်လမ်း ၇မိုင် မရမ်းကုန်းမြို့နယ်နေ ဦးအောင်ညွှန့်-ဒေါ်လှမြင့်(ပါမောက္ခငြိမ်း)မိသားစုက အလှူငွေကျပ် နှစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဥက္ကဋ္ဌ ဦးအေးသန့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

## တောင်ငူအထက(၁)အာစရိယပူဇော်ပွဲ

**တောင်ငူ နိုဝင်ဘာ ၂၇**

တောင်ငူမြို့အထက(၁)၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ရက် နံနက် ၉နာရီတွင် အထက(၁) အနန္တမေတ္တာခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

တောင်ငူမြို့ အထက(၁)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသောသက်ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအားလုံး ကြွရောက်အပူဇော်ခံကြရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက် တက်ရောက်ကြရန်နှင့် ပူဇော်ကန်တော့ငွေများကို ဦးကျော်သူရ ဖုန်း-၀၅၄-၂၄၁၃၇၊ ဒေါ်ခင်လှလှ ဖုန်း-၀၅၄-၂၅၁၃၇၊ ဒေါ်ကင်းကင်းစီ ဖုန်း-၀၅၄-၂၁၈၄၂၊ ဦးဇော်ဝင်းထွန်း (ရိုရိုသန့် သက်န်းပရိက္ခရာဆိုင်) ဖုန်း-၀၅၄-၂၅၃၅၃၊ ဦးတင်ဝင်း(G.E.C ပညာရေး)ဖုန်း-၀၅၄-၂၄၇၂၂၊ ဦးထွန်းသူရိန်ငြိမ်း ဖုန်း-၀၅၄-၂၄၂၀၀ နှင့် ဦးကျော်သူဝင်း ဖုန်း-၀၅၄-၂၄၂၅၁တို့သို့ ဆက်သွယ်လှူဒါန်းကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(၃၀၃)**


**ဇန်းမော် အထက(၄)ရွှေရတုသဘင်ရက် ပြောင်းရွှေ့ခြင်း**

ဇန်းမော် အထက(၄) ရွှေရတုသဘင်ကို ၃-၁၂-၂၀၀၄ရက်တွင် ကျင်းပမည်ဟု ယခင်ကြေညာထားခြင်းကို ရက်ပြောင်းရွှေ့လိုက်ပါသည်။ ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။

**ကျင်းပရေးကော်မတီ။**

**အများသိစေရန် ကြေညာချက်**

တောင်ငူမြို့ အမှတ်(၁၆/၃၄) ဗိုလ်မှူးဖိုးကွန်းလမ်းနေ ဒေါ်အုံးခင် ၇/တငန(နိုင်)၀၂၈၆၄၃ (ရွှေနှင်းဆီဆေးလိပ်ခုံပိုင်ရှင်)သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အမွေစားအမွေခံအဖြစ် မည်သည့်အချိန်အခါကမျှ မွေးစားထားခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်အုံးခင် ၇/တငန(နိုင်)၀၂၈၆၄၃**

**ရွှေနှင်းဆီဆေးလိပ်ခုံ၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၁၁၁၁၊ ဖုန်း-၀၅၄-၂၄၃၁၅။**

**တိုက်ခန်းရောင်းမည်**

**RC(2)**လွှာ, **2000 Sq ft** (ရေ၊ မီး၊ ဖုန်း), **AC(4), WH(1) (1MBR, 2BR)** အဆင့်မြင့်ပြင်ဆင်ပြီး၊ (သံလွင်လမ်း)

**Ph-524038, 09.99˚26500, ˚09.80 25119,˚227802/˚3**

**ညှိနှိုင်းဈေး(ပွဲစားမလို)**





**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နှစ်ပတ်လည်နေ့ သဝဏ်လွှာပေးပို့

**ရန်ကုန် ဒီဇင်ဘာ ၂**

၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂ရက်၌ ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၂၉)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာချောင်မာလေဆိုင်ရာဆုန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်ခဲ့သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ကြိုဆိုနှုတ်ဆက်

**ရန်ကုန် ဒီဇင်ဘာ ၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်၏ ဖိတ်ကြားချက်အရ

*စာမျက်နှာ ၅ ကော်လံ ၁* ●



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပခဲ့သည့်(၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ထိပ်သီးအစည်းအဝေး၊ အာဆီယံနိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများ ထိပ်သီးအစည်းအဝေးများ၊ အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးနှင့် အာဆီယံ-သြစတြေးလျ-နယူးဇီလန် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း တရုတ်ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂိုဂျင့်ဖုန်းနှင့်အဖွဲ့အား ကြိုဆိုနှုတ်ဆက်

**ရန်ကုန် ဒီဇင်ဘာ ၁**

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂိုဂျင့်ဖုန်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

**စာမျက်နှာ ၄ ကော်လံ ၅** ■



**ဒီဇင်ဘာ ၁ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရ ရွှေမန်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဒုတိယ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂိုဂျင့်ဖုန်း ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်း-၄) (သတင်းစဉ်)



**ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းဟာ သားစဉ်မြေးဆက် အကျိုးဖြစ်ထွန်းနိုင်တဲ့ စီးပွားရေးလုပ်ငန်းဖြစ်လို့ နိုင်ငံတော်ကလဲ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူတွေကို အဘက်ဘက်က အားပေးကူညီနေပါတယ်။ တိုင်းရင်းသား လုပ်ငန်းရှင်တွေကို မြေယာတွေချပေးပြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း တိုးချဲ့လုပ်ကိုင်ဖို့ အခွင့်အရေးတွေ ပေးနေပါတယ်။**

(ကိုဖိုးသောင်း၏ဆောင်းပါး စာ-၆)

2-12 (20).p65 1 3/27/05, 9:37 PM